ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့ (10-4-2012) (၇၀၉၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျိမ်းစ်ဟင်နရီဝက်ဘ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ခိုင်မာရေး၊ စီးပွားရေးကဏ္ဍအပါအဝင် အခြားသောကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများ ဖော်ဆောင်ရေး၊ ပြည်တွင်းနိုင်ငံရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr.James Henry Webb ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန် ဆောင်ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့သတင်းအညွှန်း

နိုင်ငံတကာလွှတ်တော်များဆိုင်ရာ သမဂ္ဂ(အိုင်ပီယူ) မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်အား (၁၆၂)နိုင်ငံ အဖွဲ့ဝင်အဖြစ်လက်ခံ

ပြည်တွင်းသတင်း စာမျက်နှာ ၅

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့က ကရင်အမျိုးသားအစည်းအရုံး ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အား ထာဝရငြိမ်းချမ်းရေးညစာဖြင့်ဧည့်ခံ

ပြည်တွင်းသတင်း စာမျက်နှာ ၈

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr. James Henry Webb နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ေ ကြ း မုံ စ ာ တ ည် း ရှ ေ ထ ာ င့် ၁၀-၄-၂၀၁၂[အင်္ဂါနေ့]။

ပြည်ထောင်တိုင်းမြန်ပြေ ငြိမ်းချမ်းအောင်ဆု သွန်းကာရေ

ခေတ်ရေစီးကြောင်းကား ရပ်တန့်မနေ။ တသွင်သွင်စီးဆင်းနေမြဲဖြစ်သည်။ ထိုရေစီးကြောင်းကား မြန်မာ့ရိုးရာအတာသင်္ကြန်ကို ရှောင်ကွင်း၍ မသွားပေ။ ခေတ်ရေစီးကြောင်းနှင့်အတူ အတာရေသဘင်ပွဲကို ပြည်သူအများတို့ ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲကြသည်။ ထိလွယ်ခိုက်လွယ်သောနှလုံးသားပိုင်ရှင် ခေတ်လူငယ်တို့က ခေတ်ပေါ်ဝတ်စားဆင်ယင်မှုများ၊ သီဆိုဖျော်ဖြေမှုများ၊ ပွင့်လင်းမြင်သာသည့်ပြုမူနေထိုင်မှုများဖြင့် ပါဝင်ဆင်နွှဲကြလေ့ရှိသည်။ မြန်မာ့သင်္ကြန်၏ အခင်းအကျင်း အနှစ်သာရကို တိတိပပ ရှုမြင်ခံစားကြရန်မှု လိုအပ်နေမည်ဖြစ်သည်။

မကြာမီရက်ပိုင်းအတွင်း မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲ ရောက်ရှိလာတော့မည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းမှုသည် လူမျိုးတိုင်း၏ သင်္ကေတတစ်မျိုးဖြစ်သည်။ မြန်မာတို့က ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲကို မဟာသင်္ကြန်ပွဲကျင်းပ၍ ဆင်နွှဲကြမြဲဖြစ်သည်။ သင်္ကြန်ကို နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလ၊ ရေဖျန်းပက်သည့်ပွဲတော်ဟူ၍ ဖွင့်ဆိုကြသည်။ ပြည်သူအားလုံး ပျော်ပျော်ရွှင်ရွှင် ရေစင်သွန်းလောင်း ပက်ဖျန်းကစားကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လရာသီပွဲတော်များရှိသည့်အနက် တန်ခူးလတွင်ကျင်းပသော နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ရက်အရှည်ကြာဆုံး၊ အစည်ကားဆုံးနှင့် ပျော်ရွှင်ဖွယ်ရာအကောင်းဆုံးဖြစ်၍ လူတိုင်းနှစ်သက်ကြသည်။ မြန်မာမှုနှင့် ရိုးရာထုံးဓလေ့ယဉ်ကျေးမှုကို ထင်ဟပ်သည့် အမှတ်လက္ခဏာများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြခြင်း ဖြစ်သည်။ ယင်းသို့ ဆင်နွှဲကြရာတွင် မြို့ပြပြည်ရွာအနှံ့၌ ပြည်သူအများတို့က ရိုးရာဓလေ့အစဉ်အလာများဖြင့် ကုသိုလ်ကောင်းမှု ပြုကြသည်။ အချို့က မိမိတို့ရင်တွင်းရှိ အနုပညာအသီးသီးကို သီဆိုတီးမှုတ်ကခုန်၍ ဖော်ထုတ်ကြမြဲဖြစ်သည်။ ရည်ရွယ်ချက်မှာ အားလုံးပျော်ရွှင်ကြဖို့သာ။

မဟာသင်္ကြန်ပွဲရက်များအတွင်း သီဆိုကပြကြရာတွင် သိမ်သိမ်မွေ့မွေ့ ဆင်နွှဲသင့်ကြသည်။ ယဉ်ကျေးဖွယ်ရာ အနုပညာမြောက် စကားလုံးစု၊ စကားလုံးယဉ်များဖြင့် တေးသွားအသစ်၊ စည်းချက်အသွက် ကပြနိုင်ကြသည်။ ခေါင်းခါး ခြေလက် အချိုးကျ၊ အဆစ်ကျ ယဉ်ကျေးလှပသောရိုးရာဝတ်စုံများဖြင့် ညက်ညက်ညောညော ကပြနိုင်သည်။ ထို့အတူ အနောက်တိုင်းတေးဂီတ၊ အနောက်တိုင်းဟန်ကဲသော တီးကွက်ကကွက်များဖြင့်လည်း ကပြသရုပ်ဖော်နိုင်ကြသည်။ သို့သော် တေးသွားတွင် စပ်ဆိုသော သီချင်းစာသားများ၌ အတုံးလိုက် အတစ်လိုက် နားမဆံ့ဖွယ် စကားလုံးများ မဖြစ်စေရန်မူ ဆင်ခြင်ကြရမည်ပင်။

အတာရေသဘင်ပွဲ ဆင်နွှဲသူများအား သီဆိုဖျော်ဖြေနေသူများမှာ စိတ်ရောကိုယ်ပါ တင်ဆက်နေကြသဖြင့် ကိုယ်တိုင်သီဆိုတီးမှုတ်နိုင်ခြင်း မရှိသည့်တိုင် ဂီတကို ရုတ်ခြည်းခံစားနိုင်ကြသည်။ ရုတ်ခြည်းနားလည်လက်ခံနိုင်ကြသည်။ မြန်မာ့ဂီတ မြန်မာ့အနုပညာကို နှစ်သက်မြတ်နိုးကြသူများရှိသကဲ့သို့ အနောက်တိုင်းတေးသွား၊ အနောက်တိုင်း အကများကို နှစ်ခြိုက်သဘောကျသူများလည်းရှိကြသည်။ အနောက်တိုင်းဂီတနှင့် ကဟန်များဖြစ်သည့်တိုင် အမြင်မရိုင်းသည့်အခါ ကြည့်ရှုခံစားကြသူတိုင်းက ခေတ်မီဖျော်ဖြေတင်ဆက်မှု အသစ်အဆန်းများတွင် စီးမျောပျော်ဝင်သွားကြသည်ချည်းဖြစ်သည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲများကို နှစ်စဉ် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပြီ။ သင်္ကြန်ပွဲတော်ဆိုင်ရာ ကောင်းမြတ်သော ရိုးရာအစဉ်အလာများကို အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြပြီ။ သင်္ကြန်အကြိုနေ့မှသည် သင်္ကြန်အတက်နေ့အထိ ပျော်ရွှင်စွာ ရေကစားကြတော့မည်။ သင်္ကြန်ကာလအတွင်း **“မြူမှောင်ဝေကင်း---ငွေအဆင်းစန္ဒာ-- ပြည်ထောင် တိုင်းမြန်ပြေ ငြိမ်းချမ်းအောင်ဆု သွန်းကာရေ အေးစေကြောင်း လောင်းတဲ့လုံမ ထူးထူးခြားခြားလှလို့နေ”** တေးသွားနှင့်အညီ ပြည်သူတစ်ရပ်လုံး ကြည်နူးပျော်ရွှင် ရေသဘင်ပွဲ ချမ်းမြေ့ကြည်လင် ပါဝင်ဆင်နွှဲနိုင်ကြပါစေကြောင်း ဆုမွန်တောင်း၍ မဟာသင်္ကြန်ကို ကြိုဆိုလိုက်ပါသည်။ ။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဘိုကလေးမြစ်ကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)က တာဝန်ယူဆောက်လုပ်နေသော စက်ဆန်းတံတား တည်ဆောက်ရေးလုပ်ငန်းနှင့် ဘိုကလေး-စက်ဆန်းလမ်းပေါ်ရှိ သက်တံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တံတားဆောက်လုပ်ရေး အထူးအဖွဲ့(၅)က တာဝန်ယူဆောက်လုပ်နေသော(၃၅၅၃)ပေရှည် ဘိုကလေးမြစ်ကူးတံတားလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာမှူးကြီးက တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ၎င်းတံတားကြီးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက်လမ်းအမှတ်(၅) ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း၊ လမ်းအမှတ်(၆) ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းနှင့် လမ်းအမှတ်(၁၀) မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်းတို့နှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သွားမည့်တံတားကြီးဖြစ်ကြောင်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူဆောက်လုပ်နေသော ကျွဲခြံရေကျော်တံတားပြီးစီးပါက မော်လမြိုင်ကျွန်းမြို့သို့ တိုက်ရိုက်ခရီးပေါက်သွားမည်ဖြစ်ရာ အချိန်နှင့်တစ်ပြေးညီပြီးစီးရေး ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးသတိပြုကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘိုကလေး-ဖျာပုံလမ်းရှိ ပေ ၁၂၀ ရှည် ကုလားကြီးချောင်းတံတားတည်ဆောက်နေမှု၊ ၁၉၅ ပေရှည် ကျုံကူးတံတားတည်ဆောက်နေမှု၊ ဖျာပုံ-ဒေးဒရဲလမ်းပိုင်းရှိ လမ်းသားပျက်စီးနေမှုများနှင့် တွံတေး-လှိုင်သာယာလမ်းပေါ်ရှိ တွံတေးတံတားကြံ့ခိုင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆိပ်ကြီး-ခနောင်တို ကြိုးတံတားစီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ တံတားဘိုးပိုင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ တံတားချဉ်းကပ်လမ်း မြေသားဖို့ခြင်းလုပ်ငန်းများကို မိုးမကျမီ အပြီးဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်ကုန်းမြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ စည်းဝေး

တပ်ကုန်း ဧပြီ ၉

တပ်ကုန်းမြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၁၂)ကို ဧပြီ ၆ ရက် မွန်းလွဲ ၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီခရိုင် စီမံကိန်းဦးစီးမှူး ဦးမောင်မောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူတို့က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းမှူး ဦးဝင်းနိုင်က လုပ်ငန်းစဉ်များရှင်းလင်းတင်ပြခဲ့ရာ ကော်မတီဝင် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ-မြို့ဖများ၊ လူမှုရေးနှင့် စီးပွားရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

နှစ်ဖက်မိဘများကို အမှူးထား၍ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် “ဝင်း” ဆေးခန်းမှ ဒေါက်တာအောင်မြင့်-ဒေါက်တာအေးအေးချို၊ သား မောင်ကျော်သူနှင့် မောင်ဖြိုးဟန်စိုး မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ECG စက်နှင့် မျက်စိခွဲစိတ်မှန်ပြောင်းတို့အတွက် အလှူငွေကျပ် ၂၅ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

အပူချိန်မြင့်တက်ခြင်းကြောင့် သင်္ကြန်လည်ရာတွင် ဂရုပြုရန်လိုအပ်

ရန်ကုန် ဧပြီ ၉

ယခုအခါတွင် အပူချိန်မြင့်တက်နေခြင်းကြောင့် သင်္ကြန်လည်ရာတွင် ဂရုပြုရန်လိုအပ်ပြီး ရေပက်ခံရာမှ ရုတ်တရက် အပူအအေး ပြောင်းလဲခြင်းကြောင့် ဦးနှောက်ပိုင်းဆိုင်ရာထိခိုက်မှုများ ကြုံနိုင်ကြောင်း ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဆရာဝန်ကြီးတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ထိုသို့ အပူချိန်မြင့်မားခြင်းကြောင့် ချွေးထွက်များကာ ကိုယ်ခံစွမ်းအားမှာ အလိုလို ကျဆင်းတတ်ပြီး ကိုယ်ခံအားကျဆင်းချိန်တွင် ဗိုင်းရပ်စ်နှင့်ရောဂါပိုးများ ခန္ဓာကိုယ်အတွင်း ကူးစက်ဝင်ရောက်နိုင်ခြင်းကြောင့် ဂရုပြုရန်လိုအပ်ကြောင်း၊ နေပူပူတွင် သွားနေသည့်သူတစ်ဦး အနေဖြင့် ရုတ်တရက်ရေပက်ခံရခြင်းမှ အပူအအေး ရုတ်တရက်ပြောင်းလဲမှုများဖြစ်ကာ ဦးနှောက်ရောင်ရမ်းခြင်းတို့ကို ဖြစ်ပွားစေနိုင်ကြောင်း၊ အထူးဂရုစိုက်ရမည့် အချက်မှာ နေပူမှလာသူကို ရုတ်တရက် ရေခဲရေဖြင့် ပက်ခြင်းမျိုး မလုပ်ရန် လိုအပ်ကြောင်း ၎င်းကရှင်းပြသည်။

သင်္ကြန်လည်ပတ်သူများအနေဖြင့် အရက်သေစာ သောက်စားခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး ပြင်ပတွင် အပူချိန်မြင့်တက်ချိန်၌ အရက်သေစာသောက်စားခြင်းကြောင့် ခန္ဓာကိုယ်တွင်း၌လည်း ရုတ်တရက် အပူချိန်မြင့်လာကာ ဦးနှောက်သွေးကြောပြတ်ခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်း စသည့် နောက်ဆက်တွဲရောဂါများလည်း ဖြစ်ပွားစေနိုင်သလို အသက်သေဆုံးသည်အထိ ဖြစ်တတ်ခြင်းကြောင့် နေ့လယ်နေ့ခင်းတွင် အရက်သေစာသောက်စားခြင်းနှင့် ရေပက်ခံထွက်လည်ခြင်းတို့ကို ဆင်ခြင်ရမည်ဖြစ်ကြောင်း သိရသည်။ (၆၈၀)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၄-၂၀၁၂ (အင်္ဂါနေ့)

၇း၀၅	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၇း၅၀	အမျိုးသားရေးတေးကဗျာ
၈း၁၅	မြန်မာသင်္ကြန်
၄း၃၅	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၅	အင်္ဂလိပ်စာသုတ
၄း၅၅	မြန်မာသံစဉ်ချိုနားဝင်
၅း၀၅	မြန်မာသင်္ကြန်
၅း၂၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်(အပိုင်း-၉၆)**
၆း၁၀	မြန်မာသင်္ကြန်
၆း၂၅	Guide for You
၆း၃၀	အောင်မြင်ခြင်းလမ်းမ
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကွန်ဖူးဘုရင် ဘရုစ်လီ” (အပိုင်း-၂၃)**
၈း၀၀	တစ်လအတွင်းအကြိုက်ဆုံး ဗီစီဒီတေးများ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “အရိုက်အရာ” (အပိုင်း-၁)** -Mini Series

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၉ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၃. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၉၇၃၁	၀. ၀၃၂၂၉
တရုတ် (ယွမ်)	၆. ၃၀၈၀၇	၀. ၁၅၈၅၃
အိန္ဒိယ (ရူပီး)	၅၁. ၁၉၃၀	၀. ၀၁၉၅၃
မလေးရှား (ရင်းဂစ်)	၃. ၀၇၃၇၅	၀. ၃၂၅၃၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၂၂၈	၀. ၇၉၂၃၃
ဂျပန် (ယန်း)	၈၁. ၂၅၀၀	၀. ၀၁၂၃၁
တောင်ကိုရီးယား(ဝမ်)	၁၁၃၄. ၉၇	၀. ၀၀၀၈၈
ယူရို	၀. ၇၆၅၁၈	၁. ၃၀၆၈၈
ဗြိတိသျှ (ပေါင်)	၀. ၆၃၀၀၉	၁. ၅၈၇၀၇

အင်တာနက်။

သတိ

သင်္ကြန်ကာလအတွင်း အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးမဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

လိန်ပင်ကျေးရွာ တံတားသစ်ဖွင့်

ဝမ်းတွင်း ဧပြီ ၉

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် တစ်ဦးတည်းအလှူရှင် ဦးမြင့်သူ (M.Group) -ဒေါ်ဖြူဖြူသန့်၊ သား မောင်ဆန်းသူရှိန်သန့် မိသားစုလှူဒါန်းသည့် လိန်ပင်ရွာတံတားသစ်ဖွင့်ပွဲကို ဧပြီ ၇ ရက် နံနက်ပိုင်းက တံတားမုခ်ဦးတွင် ကျင်းပသည်။

လိန်ပင်တံတားကြီးကို ASIA WORLD Co.,Ltd မှ M. Group အဖွဲ့ လုပ်အားဖြင့် တံတားအရှည် ၉၂ ပေ၊ တံတားအကျယ် ၁၀ပေ သုံးလက်မ၊ လူသွားလမ်းအကျယ် ငါးပေ၊ တံတားအမြင့် ၁၀ ပေဖြစ်ပြီး သံကူကွန်ကရစ်တံတားဖြစ်သည်။ လိန်ပင်တံတားမှာ ကတ္တရာခင်းတံတားဖြစ်ပြီး တံတားကြီးကို ၂၀၁၁ ခုနှစ် ဧပြီလမှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအလှူရှင်မှာ လိန်ပင်ကျေးရွာဇာတိ ဦးမြင့်သူ (M.Group) -ဒေါ်ဖြူဖြူသန့်၊ သား မောင်ဆန်းသူရှိန်သန့် မိသားစုက တစ်ဦးတည်း ငွေ ၆၄၆ သိန်း အကုန်အကျခံတည်ဆောက်လှူဒါန်းခြင်းဖြစ်သည်။

လိန်ပင်တံတားကြီး ပြီးစီးသွားသဖြင့် ဒေသထွက်ကုန်များ၊ ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများ ဖွံ့ဖြိုးတိုးတက်လာသည်။ (ကြေးမုံ)



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းတာဝန်များ ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်တာဝန်ပေးအပ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဂျာမနီနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးတင်ဝင်းအား ထိုင်းနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းအား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီးဖြစ် ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ်

နေပြည်တော် ဧပြီ ၉

ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာပြီးနောက် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့်လည်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီးဖြစ်၍ ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများ အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများ၊ နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာလုပ်ငန်း တာဝန်များ၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် စီမံချက်များ၊ နည်းလမ်းများ ချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအဆင့်အတန်းအားလုံး မှန်ကန်သည့်ခံယူချက် ထိရောက်ထက်မြက်သည့် စွမ်းဆောင်ချက်၊ ချိုသာပျူငှာသည့် ပြောဆိုဆက်ဆံမှုများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် အပြည့်အဝပါဝင်ဆောင်ရွက်ကြရေးအတွက် ဌာနတာဝန်ခံ၊ ဒေသတာဝန်ခံများက စံနမူနာပြခေါင်းဆောင်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို မိမိတို့ဝန်ထမ်းများကိုယ်တိုင် ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်သဘောပေါက်ပြီး တိကျမှန်ကန်မြန်ဆန်စွာ၊ တာဝန်သိစွာ၊ ရိုးဖြောင့်စွာ စိတ်ရင်းစေတနာအမှန်ဖြင့် ပြည်သူလူထုအား အလုပ်အကျွေးပြုနိုင်ရေး အလေးအနက်ထားဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်းဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းတာဝန်များ ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်တာဝန်ပေးအပ်ခြင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၉-၂၀၁၂ (အင်္ဂါနေ့)

၇း၀၀ ပရိတ်တရားတော်
၈း၀၅ ခါသကြိန်
အဆိုအကများ
၃း၁၅ AFC Cup 2012
Group Stage
ဘောလုံးပြိုင်ပွဲ
တိုက်ရိုက်ထုတ်လွှင့်မှု
အစီအစဉ်
[ဧရာဝတီယူနိုက်တက်
အသင်း (မြန်မာ)နှင့်
Navibank Saigon
အသင်း (Vietnam)]
၅း၁၅ ခါသကြိန်
အဆိုအကများ
၅း၃၀ အဝေးသင်တက္ကသိုလ်
ပညာရေးရုပ်မြင်သံကြား
သင်ခန်းစာ
-တတိယနှစ်
(ရူပဗေဒအထူးပြု)
(ရူပဗေဒ)
၆း၂၀ ကြယ်ပွင့်များရဲ့
ရင်ခုန်သံ
၆း၅၀ ဆိုလိုက်ကြစို့
၇း၀၀ **နိုင်ငံခြား**
ဇာတ်လမ်းတွဲ
"ချမ်းမြေ့ပျော်ရွှင်"
(အပိုင်း-၂၀)
-"ချိုမြိန်ရသာမုန့်ကမ္ဘာ"
-အိန္ဒိယရုပ်ရှင်
"ဝိညာဉ်ကလဲ့စား"
(အပိုင်း-၂)
-လူကုန်ကူးမှု
ပညာရေးအစီအစဉ်
"ကျွန်ပြုခြင်း"

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဝန်ထမ်းများအား ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဝန်ထမ်းများအား ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ယာဉ်လိုင်းအလိုက် လုပ်အားယှဉ်ပြိုင်ဆုပေးအပ် ချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၉ နာရီတွင် သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌက မှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌက ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်ထောက်ပံ့ကြေးငွေပေးအပ်ခြင်း၊ လုပ်အားယှဉ်ပြိုင်ဆုပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဌာနခွဲအလိုက် ဝန်ထမ်းများအား ထောက်ပံ့ကြေးငွေများချီးမြှင့်သည်။ ယင်းနောက် တာဝန်ရှိသူများက လုပ်အားယှဉ်ပြိုင်ဆုရရှိသော ခရိုင်ယာဉ်လိုင်း ၁၅ လိုင်းမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား စုစုပေါင်း လုပ်အားယှဉ်ပြိုင်ဆုငွေကျပ် ၁၅၈၅၀၀၀၀ ကို ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ယာပုံ)** (၅၀၆)

နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

မော်လူး ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသည် မိုးပွင့်စီမံချက် ၂ အဖြစ် မော်လူးဒေသ စည်းမော်အုပ်စု ရွာလေးရွာအတွင်းရှိ ပြည်သူများ အသက်(၁၀)နှစ်ပြည့်၊ အသက်(၁၈)နှစ်ပြည့်နှင့် အသက်(၁၀)နှစ်မှ (၁၈)နှစ်ပြည့်လွဲလှယ်သူများ၊ ပျောက်ဆုံးပျက်စီးသူများ၏ နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ကြောင်း သိရှိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် စည်းမော်အုပ်စုအတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်သူ ၃၈၁ ဦးတို့အား မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သူနှင့် လက်ထောက်မြို့နယ်မှူး ဦးကျော်မင်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (၆၈၅)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

မြက်စားငါးကြင်း၊ ရွှေဝါငါးကြင်းများ ရှမ်းပြည်နယ်အတွင်း လှောင်အိမ်စနစ်ဖြင့် မွေးမြူအောင်မြင်

ရန်ကုန် ဧပြီ ၉

မြက်စားငါးကြင်းနှင့် ရွှေဝါငါးကြင်းတို့ကို စမ်းသပ်၍ လှောင်အိမ်ဖြင့် မွေးမြူခဲ့ရာ အောင်မြင်ခဲ့သည့် အနေအထားတွင်ရှိနေပြီး ယင်းထက်ကြီးထွားနှုန်းကောင်းသော ငါးမျိုးများရှိပါက မွေးမြူလုပ်ဆောင်သွားရန် ရှိကြောင်း ရှမ်းပြည်နယ်ငါးလုပ်ငန်း အဖွဲ့ချုပ်မှ သိရသည်။

"အခုစမ်းသပ်မွေးမြူခဲ့တာ အောင်မြင်တဲ့အနေအထားရှိပါတယ်၊ အဲဒီထက်ကြီးထွားနှုန်းကောင်းတဲ့ ငါးမျိုးများရှိရင် ပံ့ပိုးမျှဝေပေးပါလို့ ပြောချင်ပါတယ်"ဟု ရှမ်းပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ဧပြီ ၇ ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနား၌ ပြောကြားသည်။

ယင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရာတွင် ငါးအစာကျွေးရာ၌ ရေပေါ်ငါးစာကိုထည့်သွင်းကျွေးသင့်ပြီး ကြီးထွားနှုန်းကောင်းသည့် အပြင် ငါးအစာလေလွင့်မှုလည်း လျော့နည်းစေမှာ ဖြစ်ကြောင်း အကြံပြုပြောကြားသည်။ "ဒေသကျွေးနေကျနည်းပညာနဲ့ ကျွေးနေတဲ့ ငါးစာအပြင် ရေပေါ်စာလည်း ကျွေးသင့်တယ်။ ရေပေါ်စာကျွေးတာဟာ အတက်မြန်တယ်။ အစာလေလွင့်မှု နည်းပါးတော့ အကျိုးဖြစ်ထွန်းနိုင်တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ လှောင်အိမ်ဖြင့် မွေးမြူရာတွင် တီလားပီးယားငါးမျိုးကိုလည်း မွေးမြူသင့်ပြီး ယင်းငါးမျိုးမှာ ရေပေါ် စာဖြင့် ကျွေး၍ ရရှိနိုင်သည့်အပြင် ပြည်တွင်းဈေးကွက်၌ ဈေးကွက်အလားအလာရှိနေခြင်းကြောင့် မွေးမြူသူများအတွက် အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထက်ခိုင်(စမ်းချောင်း)

မြန်မာ - ထိုင်း ကုန်စည်ပို့ဆောင်ရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ စီးပွားရေးသံမှူးရုံးနှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းတို့ကကြီးမှူး၍ မြန်မာ-ထိုင်း ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းအလိုက် ဆွေးနွေးပွဲကို ဧပြီ ၆ ရက်တွင် ရန်ကုန်မြို့ရှိ အသင်းချုပ်၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

နှစ်သစ်မဟာသင်္ကြန်အကြို မဟာပုဒ္ဓဝင်ပန်းချီကားများ ရေးဆွဲပူဇော်

ရန်ကုန် ဧပြီ ၉

နှစ်သစ်ကူးအတာသင်္ကြန်အကြိုအဖြစ် ရွှေမြန်မာဂျာနယ်နှင့် ရွှေဧရာဂျာနယ် မိသားစု၏ မိခင်ကြီး ဒေါ်ခင်ဆန်း(ကျောက္ကာ)အားရည်စူး၍ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဦးတေဇဝန္တအား သိက္ခာထပ်မင်္ဂလာနှင့် မဟာပုဒ္ဓဝင် ပန်းချီကားများ ရေးဆွဲပူဇော် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးရှိ မန္တလေးမစိုးရိမ်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နံနက် ၈ နာရီ၌ ဆရာတော် ဦးတေဇဝန္တအား သိက္ခာထပ်မင်္ဂလာကို ကျင်းပရာ ပရိက္ခရာရှစ်ပါးအား ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ သိမ်ဆင်းသံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ နံနက် ၉ နာရီတွင်ရွှေမြန်မာနှင့် ရွှေဧရာ မီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဦးရွှေဘော်ဖြိုး(ဆင်တဲဝ) နှင့် အတွင်းရေးမှူး ဦးသာဌေး(နီငြိမ်း-အညာတက္ကသိုလ်)တို့က မဟာပုဒ္ဓဝင်ပန်းချီကားချပ်များကို လှူဒါန်းပူဇော်သည်။

အခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။ မန္တလေး မစိုးရိမ်ကျောင်းတိုက် (ကမ္ဘာအေး) တွင် ဘုရားဖူးလာသူများနှင့် ယနေ့လူငယ်များ ဇာတ်ကြီးဆယ်ဘွဲ့နှင့် မဟာပုဒ္ဓဝင် အကြောင်းအရာများအား စိတ်ဝင်စားစွာ လေ့လာကြည့်ရှု ပူဇော်ကြည်ညိုနိုင်ကြစေရန်၊ ဗုဒ္ဓဘာသာ သာသနာ တိုးတက်ပြန့်ပွားရေးအတွက် တစ်တပ်တစ်အား ဖြစ်စေရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ပန်းချီကားတစ်ချပ်၏ တန်ဖိုးမှာ ငွေကျပ်သုံးသိန်းဖြစ်၍ စုစုပေါင်း ပန်းချီကား ၁၂ ချပ်အတွက် တန်ဖိုးငွေကျပ် ၃၆ သိန်း ဖြစ်ကြောင်း သိရသည်။

(၆၈၁)

▲ ကင်ဆာရောဂါမှ

ပုံမှန်အားဖြင့် လူ့ကိုယ်ခံအားစနစ်သည် ဘက်တီးရီးယားများကဲ့သို့ ပြင်ပမှဝင်ရောက်လာသောဆဲလ်များအား ကာကွယ်တားဆီးစဉ် ကင်ဆာဝေဒနာသည်၏ ဖောက်လွဲဖောက်ပြန်နေသည့်ဆဲလ်များသည် ကင်ဆာဆဲလ်များအဖြစ် ဖွံ့စည်းဖြစ်တည်လာလေ့ရှိသည်။

သို့ရာတွင် ကင်ဆာဆဲလ်များ၏ မျက်နှာပြင်ပေါ်တွင်ရှိတတ်သော အမ်ယူစီ-၁ အမည်ရှိ မော်လီကျူးတစ်မျိုးသည် ကြီးထွားလာသည့် ကင်ဆာဆဲလ်များအား ထောက်လှမ်းရှာဖွေရန်အတွက် လူ့ခုခံအားစနစ်ကို အထောက်အကူပြုကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။

ဖန်တီးထုတ်လုပ်

Vanil Biotheraputic အမည်ရှိ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီနှင့် အစ္စရေးနိုင်ငံ တဲလ်အဗစ်တက္ကသိုလ်တို့မှ သုတေသနပညာရှင်များက ကင်ဆာကာကွယ်ဆေးအသစ်ကို ကင်ဆာဆဲလ်များအား ရှာဖွေနှိမ်နင်းရေးအတွက် လူ့ကိုယ်ခံအားစနစ်ကို ပြင်ဆင်ပေးရန် အမ်ယူစီ -၁ မော်လီကျူးဖြင့် ဖန်တီးထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ဥရောပတိုက်၏ အကြီးဆုံးသော ဒိုင်နိုဆောဦးခေါင်းခွံ ရှာဖွေတွေ့ရှိ

မဒရစ် ဧပြီ ၉

ဥရောပတိုက်၏ အကြီးဆုံးသော ဒိုင်နိုဆောဦးခေါင်းခွံကို စပိန်နိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ရှာဖွေတွေ့ရှိခဲ့ရသော ဒိုင်နိုဆောသတ္တဝါမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၅ သန်းက ကမ္ဘာပေါ်တွင် နေထိုင်ခဲ့သည့် တူရီယာဆောရပ်စ် ဒိုင်နိုဆောအမျိုးအစားဖြစ်ပြီး မီတာ ၃၀ ရှည်လျားကာ အလေးချိန် တန် ၄၀ ခန့်ရှိကြောင်း သုတေသီများက ပြောကြားကြသည်။

စပိန်နိုင်ငံ ရီယိုဒီဗာဒေသ၌ အဆိုပါဒိုင်နိုဆောကို ရှာဖွေတွေ့ရှိခဲ့ရပြီး ယင်းဒိုင်နိုဆော၏ ဦးခေါင်းခွံ၌ အရိုး ၃၅ ချောင်းပါရှိကြောင်း၊ သွားခုနစ်ချောင်းကိုလည်း တွေ့ရှိကြောင်း ရှေးဟောင်းသုတေသနလေ့လာရေးအဖွဲ့က ပြောကြားသည်။

ရှေးဟောင်း ဒိုင်နိုဆောဦးခေါင်းခွံကို မပျက်မစီး ရှာဖွေတွေ့ရှိရခြင်းမှာ ကြုံတောင့်ကြုံခဲဖြစ်စဉ်ဖြစ်ကြောင်း၊ ယခင်က ဒိုင်နိုဆောရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ရသော်လည်း ဦးခေါင်းခွံကို မတွေ့ခဲ့ရကြောင်း သုတေသနလေ့လာရေးအဖွဲ့က ပြောကြားသည်။ **အင်တာနက်။**

နိုင်ဂျီးရီးယားတွင် ဘုရားရှိခိုးကျောင်းပြိုကျ ၂၂ ဦး သေဆုံးပြီး ၃၁ ဦး ဒဏ်ရာရ

အဘူဂျာ ဧပြီ ၉

နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း ဘန်နယူးပြည်နယ်တွင် ခရစ်ယာန်ဘာသာဝင်တို့၏ အီစတာပွဲတော် ဝတ်ပြုဆုတောင်းနေစဉ်အတွင်း ဘုရားရှိခိုးကျောင်း အဆောက်အအုံရုတ်တရက်ပြိုကျခဲ့၍ လူ ၂၂ဦး သေဆုံးကာ ၃၁ဦးမှာ ဒဏ်ရာရရှိသွားကြောင်း နိုင်ဂျီးရီးယားအစိုးရ ပြောရေးဆိုခွင့်ရှိသူက ဧပြီ ၈ရက်တွင် ပြောကြားသည်။

ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဧပြီ ၈ ရက်ညတွင် ဘရင်ဂျီ ဘုရားရှိခိုးကျောင်းမှာပြိုကျခဲ့ကြောင်း၊ ဝတ်ပြုဆုတောင်းနေသူ ၂၂ဦး သေဆုံးသွားကြောင်း၊ အခြား ၃၁ ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း ၎င်းက အေပီသတင်းဌာနသို့ ပြောကြားသည်။ **အင်တာနက်။**

မကြာမီလွှတ်တင်မည့် မြောက်ကိုရီးယားဒုံးပျံကို ပြည်ပသတင်းထောက်များလေ့လာခွင့်ရ

ပြုံယမ်း ဧပြီ ၉

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ တာဝေးပစ်ဒုံးပျံကို ဒုံးပစ်စင်ပေါ်၌ အသင့်တပ်ဆင်ထားပြီးဖြစ်ကြောင်း ယင်းဒုံးပျံလွှတ်တင်မည့် တုန်ချန်ရီအာကာသစခန်းသို့ သွားရောက်လေ့လာခွင့်ရရှိခဲ့ကြသော အေအက်ဖ်ပီသတင်းဌာနမှ သတင်းထောက်များက ဧပြီ ၈ ရက်တွင် ပြောကြားခဲ့သည်။

မကြာမီရက်ပိုင်းအတွင်း ပစ်လွှတ်မည့် အန်ဟာ-၃အမည်ရှိ ဒုံးပျံသည် အမေရိကန်နိုင်ငံနှင့် မဟာမိတ်များ စွပ်စွဲထားသကဲ့သို့ စစ်ဘက်သုံးဒုံးကျည်ကို ပုံဖျက်ဖုံးကွယ်ထားခြင်းမဟုတ်ကြောင်း ပြသသည့်အနေဖြင့် တုန်ချန်ရီ အာကာသစခန်းသို့ လာရောက်လေ့လာနိုင်ရန် မမျှော်လင့်သည့်ခရီးစဉ်တစ်ရပ်အား နိုင်ငံခြားသတင်းထောက်များအတွက် မြောက်ကိုရီးယားနိုင်ငံက စီစဉ်ပေးခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက မကြာမီလွှတ်တင်မည့် အန်ဟာ-၃ ဒုံးပျံကို တွေ့ရစဉ်။

အမြင့် မီတာ ၃၀ ၊ အချင်း ၂ ဒသမ ၅ မီတာနှင့် အလေးချိန် ၉၁ တန်ရှိသည့် အန်ဟာ-၃ ဒုံးပျံသည် ကွမ်မြောင်ဆွန်း-၃ (လင်းလက်ကြယ်)အမည်ရှိ မြေကမ္ဘာလေ့လာရေး၊ သစ်တောနှင့် သဘာဝသယံဇာတဆိုင်ရာ အချက်အလက်များ စုဆောင်းကောက်ယူရေးဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း ပို့ဆောင်ပေးမည်ဖြစ်ကြောင်း မြောက်ကိုရီးယား တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခွင့်ပြုချက်ပေး

မြောက်ကိုရီးယားနိုင်ငံ၏ အနောက်မြောက်ဘက် တရုတ်နယ်စပ်မှ မိုင် ၃၀ အကွာ ချော်ဆန်းကျွန်းဆွယ်ဒေသ၌ တည်ဆောက်ထားသော တုန်ချန်ရီအာကာသစခန်းသစ်ကို နိုင်ငံခြားသတင်းထောက်များ သွားရောက်လေ့လာနိုင်ရန် ပထမဆုံးအကြိမ်အဖြစ် မြောက်ကိုရီးယားအစိုးရက ခွင့်ပြုချက်ပေးခဲ့ခြင်းဖြစ်သည်။

အထူးစီစဉ်ထားသောရထားဖြင့် တုန်ချန်ရီ အာကာသစခန်းသို့ ဆိုက်ရောက်ခဲ့သော ပြည်ပသတင်းထောက်များသည် အန်ဟာ-၃ ဒုံးပျံကို မီတာ ၅၀ အကွာမှ ကြည့်ရှုလေ့လာခွင့်ရခဲ့ကြကြောင်း သိရသည်။

ယင်းအပြင် ပြည်ပသတင်းထောက်များသည် အန်ဟာ-၃ ဒုံးပျံဖြင့် ကမ္ဘာပတ်လမ်းကြောင်းပေါ် လွှတ်တင်မည့် အလေးချိန် ၁၀၀ ကီလိုဂရမ်ရှိ ကွမ်မြောင်ဆွန်း-၃ ဂြိုဟ်တုကိုလည်း အနီးကပ်လေ့လာကြည့်ရှုနိုင်ခဲ့သည်။ **အင်တာနက်။**

တောင်ဩဆက်တီးယား သမ္မတရွေးကောက်ပွဲ၌ ကေဂျီဘီ အကြီးအကဲဟောင်း အနိုင်ရ

တီဘလီစီ ဧပြီ ၉

ဂျော်ဂျီယာနိုင်ငံမှ ခွဲထွက်ပြည်နယ် တစ်ခုဖြစ်သည့် တောင်ဩဆက်တီးယားပြည်နယ်တွင် ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် ယခင် ဆိုဗီယက်ခေတ်ထောက်လှမ်းရေးအဖွဲ့ (ကေဂျီဘီ) အကြီးအကဲဟောင်းတစ်ဦး အနိုင်ရရှိသွားကြောင်း သတင်းများတွင် ဖော်ပြသည်။

ဒေသဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး အိုင်ရီနာဂက်စ်စီတုမာက ပြောကြားရာတွင် မဲများ အပြည့်အဝ ရေတွက်ပြီးနောက် လီယိုနစ်တီဘီလော့ဗ်မှာ ဆန္ဒမဲအရေအတွက်၏ ၅၄ ဒသမ ၁ ရာခိုင်နှုန်းရရှိကြောင်း၊ ၎င်း၏ပြိုင်ဘက် ဒေးဗစ်ဆာနာကိုယက်ဗ်အနေဖြင့် ဆန္ဒမဲ ၄၂ ဒသမ ၆ ရာခိုင်နှုန်းရရှိကာ ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ကြောင်း ဝန်ခံခဲ့သည်ဟုဆိုသည်။

အသက် (၆၀)အရွယ်ရှိ ကေဂျီဘီအရာရှိဟောင်း တီဘီလော့ဗ်သည် ၁၉၉၂ ခုနှစ်တွင် တောင်ဩဆက်တီးယားပြည်နယ်၏ လုံခြုံရေးဆိုင်ရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တောင်တန်းများထူထပ်သော ယင်းပြည်နယ်သည် ဂျော်ဂျီယာနှင့် စစ်ပွဲဆင်နွှဲ၍ ခွဲထွက်ခဲ့သည်။

ရုရှားလိုလားသူ ခွဲထွက်ရေးဝါဒီများနှင့် ဂျော်ဂျီယာဗဟိုအစိုးရတို့အကြား စစ်ရေးပဋိပက္ခမှာ ၁၉၉၀ ပြည့်လွန်နှစ်များတွင် အရှိန်အဟုန် မြင့်တက်လာခဲ့သည်။

ယခုသမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိသူ တီဘီလော့ဗ်သည် ဒုတိယဝန်ကြီးချုပ်ရာထူးအပါအဝင် အစိုးရအထက်တန်းရာထူး နေရာအများအပြား၌ တာဝန်ယူခဲ့ဖူးသူဖြစ်သည်။ **အင်တာနက်။**

မိကျောင်းကောင်ရေတိုးပွားမှု လူသားတို့အတွက် ခြိမ်းခြောက်မှုဖြစ်လာ

မီယာမီ ဧပြီ ၉

ဖလော်ရီဒါပြည်နယ်ရှိ အမေရိကန်မျိုးရင်းဝင် မိကျောင်းကောင်ရေသည် တရိပ်ရိပ်တိုးပွားလာလျက်ရှိပြီး ၎င်းတို့ကျက်စားရာဒေသများသည်လည်း မြို့တော်များနှင့် တဖြည်းဖြည်းနီးကပ်လာခြင်းကြောင့် လူသားတို့အတွက် ဘေးအန္တရာယ်တစ်ရပ်ဖြစ်လာကြောင်း ကျွမ်းကျင်သူများက ဧပြီ ၈ ရက်တွင် ပြောကြားခဲ့သည်။

ဖလော်ရီဒါပြည်နယ် အဲဗားဂလိတ်အမျိုးသားဥယျာဉ်အတွင်းရှိ မိကျောင်းကောင်ရေသည် ၁၉၇၀ ခုနှစ် စာရင်းကောက်ယူမှုအရ ကောင်ရေ ၁၅၀ ခန့်သာရှိခဲ့သော်လည်း ယနေ့ကာလတွင် ကောင်ရေ ၁၅၀၀ မျှအထိ တိုးပွားလာကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရသိရသည်။

မိကျောင်းကောင်ရေ တိုးပွားလာသည်နှင့်အမျှ ယင်းသတ္တဝါများနှင့် လူသားတို့အကြား ထိပ်တိုက်ရင်ဆိုင်မှုများပြားလာသည့် ပြဿနာကိုလည်း ဖြေရှင်းရန်လိုအပ်လျက်ရှိသည်။

သို့ရာတွင် မိကျောင်းများ ရှင်သန်ရပ်တည်ရေးအတွက် အကာအကွယ်ပေးထားသော စည်းမျဉ်းစည်းကမ်းများကြောင့် ယင်းပြဿနာအား ကိုင်တွယ်ဖြေရှင်းရန် အခက်အခဲများရှိနေကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ကျွမ်းကျင်သူများက ပြောကြားသည်။

၂၀၁၁ ခုနှစ်အတွင်း ဖလော်ရီဒါပြည်နယ် ငါးနှင့်တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးကော်မရှင်သည် မိကျောင်းအန္တရာယ် အရေးပေါ်ဖုန်းခေါ်ဆိုမှုပေါင်း ၁၀၆ ကြိမ်ကို တုံ့ပြန်ဖြေရှင်းပေးခဲ့ရပြီး ဖုန်းခေါ်ဆိုမှု စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းမှာ မီယာမီဒါဒီနှင့် မွန်ရိုးခရိုင်များမှ ဖြစ်ကြောင်းသိရသည်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံး၌ ရေချိုမိကျောင်းကောင်ရေ တစ်သန်းမျှရှိပြီး မိကျောင်းအန္တရာယ် အရေးပေါ်ဖုန်းခေါ်ဆိုမှုပေါင်း တစ်နှစ်လျှင် ကြိမ်ရေ ၁၅၀၀၀ ခန့်ရှိခဲ့သည်။

အမေရိကန်မျိုးရင်းဝင် မိကျောင်းများ၏ ရန်မူတိုက်ခိုက်မှုကြောင့် လူသေဆုံးမှုမှတ်တမ်း ယနေ့တိုင်မရှိသေးသော်လည်း နောင်တွင်ဖြစ်ပေါ်လာနိုင်ဖွယ်ရှိကြောင်း အဲဗားဂလိတ်အမျိုးသားဥယျာဉ်မှ တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ဇီဝဗေဒပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။ **အင်တာနက်။**

ရေခဲများ ဖုံးလွှမ်းခံခဲ့ရသော ပါကစ္စတန်တပ်ဖွဲ့ဝင်များအား ကယ်ဆယ်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ရောက်ရှိလာသူ ပါကစ္စတန်ကြည်းတပ်ဦးစီးချုပ်နှင့် အဖွဲ့အား တွေ့ရစဉ်။

ရေခဲဖုံး ပါကစ္စတန်တပ်သားများ ရှာဖွေကယ်ဆယ်ရေးအတွက် အကူအညီပေးရန် အမေရိကန်က ကျွမ်းကျင်သူအဖွဲ့ စေလွှတ်

အစ္စလာမ္မာဘတ် ဧပြီ ၉

အိန္ဒိယနိုင်ငံနယ်စပ်အနီး တောင်ပေါ်စစ်မြေပြင်ရှိ စစ်စခန်းတစ်ခု၌ ဧပြီ ၇ ရက် အစောပိုင်းကဖြစ်ပွားခဲ့သည့် ကြီးမားသော ရေခဲတောင်ပြိုမှုကြောင့် ရေခဲများ ဖုံးလွှမ်းခံခဲ့ရသော ပါကစ္စတန်တပ်ဖွဲ့ဝင် ၁၃၅ ဦးတို့အား ကူညီရှာဖွေကယ်ဆယ်ရန်အတွက် ကျွမ်းကျင်သူများပါဝင်သော အဖွဲ့တစ်ဖွဲ့ကို အမေရိကန်နိုင်ငံက ဧပြီ ၉ ရက်တွင် စေလွှတ်လိုက်ကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဖွဲ့ဝင် ၂၄၀ ထက်မနည်းပါဝင်သော ပါကစ္စတန်တပ်ဖွဲ့ဝင်များနှင့် အရပ်သားများက စီယာချင်ရေခဲမြစ်အဝင်ပေါက်ရှိ ဘေးဒုက္ခကျရောက်ရာဒေသအတွင်း အနံ့ခံခွေးများ၊ စက်ယန္တရားကြီးများဖြင့် ရှာဖွေရေးလုပ်ငန်းများကို လုပ်ကိုင်နေကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ကြိုးပမ်းကြရမည်

ယင်းအဖွဲ့အနေဖြင့် ဧပြီ ၇ ရက် နံနက်အစောပိုင်းက ပြိုကျခဲ့သော ကျောက်တုံးကြီးများ၊ ရွှံ့များနှင့် ရေခဲများဖုံးအုပ်နေသည့်နေရာကို အနည်းဆုံး ၂၅ မီတာ (ပေ ၈၀)ခန့်ထိ တူးဖော်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ပျောက်ဆုံးလျက်ရှိ

ရေခဲပြင်အောက်ပိနေသူများအနက် အသက်ရှင်နိုင်သူမည်မျှရှိမည်ကို ရှင်းလင်းစွာမသိနိုင်ကြောင်း၊ အမှတ်(၆) မြောက်ပိုင်းခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင် ၁၂၄ ဦးထက်မနည်းနှင့် အရပ်သားကန်ထရိုက်လုပ်ငန်းရှင် ၁၁ ဦးတို့မှာ ပျောက်ဆုံးလျက်ရှိကြောင်း ပါကစ္စတန်ကြည်းတပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် အတားအဘတ်စ်က ဧပြီ ၈ ရက် ညနေပိုင်းတွင် ပြောကြားခဲ့သည်။

ပါကစ္စတန်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အက်ရှ်ဖက်စ်ပါဗက်ဇ်ကာရာနီသည် ဧပြီ ၉ ရက်က ယင်းဒေသသို့ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခဲ့သည်။ **အင်တာနက်။**

လူသတ်မှု ၁၅၀၀ ကျော်ကို စီစဉ်ညွှန်ကြားခဲ့သူ မူးယစ်ရာဇာအား အမေရိကန်တရားရုံး ပြစ်ဒဏ်ချမှတ်

အယ်လ်ပါဆို ဧပြီ ၉

လူသတ်မှုပေါင်း ၁၅၀၀ ကျော်ကို နောက်ကွယ်မှ စီစဉ်ညွှန်ကြားခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သော မက္ကဆီကိုနိုင်ငံသား မူးယစ်ရာဇာတစ်ဦးအား အမေရိကန်ပြည်ထောင်စုတရားရုံးတစ်ရုံးက ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း ဧပြီ ၈ ရက်သတင်းများတွင် ဖော်ပြသည်။

ဟိုဆေးအင်တိုနီယိုအကိုစတာ ဟာနန်ဒက်ဇ်အမည်ရှိ အဆိုပါ မက္ကဆီကိုမူးယစ်ရာဇာသည် လူသတ်မှု၊ လူသတ်မှုများအားကြိုတင်ကြံစည်မှုနှင့် နောက်ကွယ်မှ စီစဉ်ကြိုးကိုင်မှုအပါအဝင် စွဲချက်ပေါင်း ၁၁ ခုအတွက် အပြစ်ရှိကြောင်း အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် အယ်လ်ပါဆိုတရားရုံးက စီရင်ဆုံးဖြတ်ခဲ့သည်။

အယ်လ်ပါဆိုတရားရုံး၏ စီရင်ချက်အရ အသက် ၃၄ နှစ်အရွယ် ဟာနန်ဒက်ဇ်သည် ထောင်ဒဏ် တစ်သက်ပြစ်ဒဏ်ခုနစ်ရပ်ကို တပေါင်းတည်းအားဖြင့်လည်းကောင်း၊ နောက်ဆက်တွဲထောင်ဒဏ်တစ်သက်ပြစ်ဒဏ်သုံးရပ်ကို သီးခြားစီသော်လည်းကောင်း၊ ဖက်ဒရယ်အကျဉ်းထောင်၌ ထောင်ဒဏ်အနှစ် ၂၀ ကိုလည်းကောင်း ကျခံရမည်ဖြစ်သည်။

အယ်လ်ဒီယေဂိုဟူသော အမည်ဖြင့်လည်းထင်ရှားသူ မူးယစ်ရာဇာဟာနန်ဒက်ဇ်သည် ၂၀၁၀ ခုနှစ် မေလအတွင်း မက္ကဆီကိုနိုင်ငံ ဂျူအာရက်ဇ်မြို့၌ အမေရိကန်ကောင်စစ်ဝန်ရုံးဝန်ထမ်းများ သတ်ဖြတ်ခံရမှုတွင်လည်း ပါဝင်ပတ်သက်မှုရှိကြောင်း အယ်လ်ပါဆိုတရားရုံး၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဟာနန်ဒက်ဇ်သည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်နှင့် မက္ကဆီကိုနိုင်ငံအတွင်း လှုပ်ရှားနေသော ဘာရီယိုအက်ဇ်တီကာအမည်ရှိ မူးယစ်ဂိုဏ်းနှင့် မဟာမိတ်ဖွဲ့ထားသည့် ဂျူအာရက်မူးယစ်ဂိုဏ်းမှ လက်နက်ကိုင်အဖွဲ့ အဖွဲ့မှူးတစ်ဦးဖြစ်သည်။

မူးယစ်ရာဇာ ဟာနန်ဒက်ဇ်ကို လွန်ခဲ့သည့်နှစ် ဇူလိုင်လက မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ချီဟွာဟွာမြို့၌ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ အင်တာနက်။

နိုင်ငံတကာလွှတ်တော်များဆိုင်ရာသမဂ္ဂ (အိုင်ပီယူ) ညီလာခံသို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

မြန်မာနိုင်ငံပြည်ထောင်စုလွှတ်တော်အား (၁၆၂)နိုင်ငံမြောက်အဖွဲ့ဝင်အဖြစ် လက်ခံ

နေပြည်တော် ဧပြီ ၉

လွှတ်တော်များဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် နိုင်ငံတကာ လွှတ်တော်များဆိုင်ရာ သမဂ္ဂ(အိုင်ပီယူ)သို့ မြန်မာနိုင်ငံပြည်ထောင်စုလွှတ်တော်အား (၁၆၂)နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် လက်ခံခြင်းအစီအစဉ်ကို ယူဂန္ဓာနိုင်ငံ ကန်ပါလာမြို့၌ ဧပြီ ၅ ရက်က ကျင်းပသည့် အိုင်ပီယူ၏ (၁၂၆) ကြိမ်မြောက်ညီလာခံတွင် ဆုံးဖြတ်ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်၏ နိုင်ငံတကာ လွှတ်တော်များဆိုင်ရာ သမဂ္ဂသို့ အဖွဲ့ဝင်အဖြစ် ပြန်လည်လက်ခံခြင်း (Reaffiliation) အစီအစဉ်တွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်းက ကျေးဇူးတင်စကားပြောကြားရာ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်က ၂၀၁၂ ခုနှစ် မတ် ၁၆ ရက်တွင် ဆုံးဖြတ်ချက်အရ အိုင်ပီယူသို့ အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ရေး ဆောင်ရွက်ခဲ့ရာ အိုင်ပီယူအဖွဲ့ အုပ်ချုပ်ရေးကောင်စီ (Governing Council)၊ အမှုဆောင်ကော်မတီ (Executive Committee) တို့၏ တညီတညွတ်တည်း ဆုံးဖြတ်ချက်အရ ပြည်ထောင်စုလွှတ်တော်အား အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သဖြင့် ထောက်ခံအားပေးသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များအား ကျေးဇူးတင်ရှိပါကြောင်း၊ အိုင်ပီယူ၏ စတက်ကြူဥပဒေနှင့်အညီ နိုင်ငံတကာ လွှတ်တော်များနှင့် ရင်းနှီးစွာ ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်းသည် ညီလာခံ ဒုတိယနေ့ဖြစ်သော ဧပြီ ၂ ရက်က ညီလာခံမျက်နှာစုံညီ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်သူများ၏ ဆန္ဒနှင့်အညီ တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ ပေါ်ပေါက်လာပုံ၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်မှု၊ နိုင်ငံတကာမှ ထောက်ခံအားပေးမှု ရရှိလာမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် တိုးတက်အောင်မြင်မှုများ ရရှိစေရန် ဆောင်ရွက်နေမှု၊ ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များကလည်း လွှတ်တော်၏ ဆောင်ပုဒ်ဖြစ်သော ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် အိုင်ပီယူအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာအင်ဒါဂျွန်ဆင်နှင့် မတ် ၃၁ ရက်နှင့် ဧပြီ ၂ ရက်တို့တွင်လည်းကောင်း၊ ယူဂန္ဓာနိုင်ငံလွှတ်တော်ဥက္ကဋ္ဌ မစ္စစ်ရီဘက်ကာဂါဒါနာနှင့် ဧပြီ ၃ ရက်တွင်လည်းကောင်း၊ အိုင်ပီယူ ဥက္ကဋ္ဌ မစ္စတာ အဗ္ဗဒူဝါဟာရာဒီနှင့် ဧပြီ ၄ ရက်တွင် လည်းကောင်း၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့် ဧပြီ ၅ ရက်တွင် လည်းကောင်း တွေ့ဆုံရာ လွှတ်တော်များရှိ ကိုယ်စားလှယ်များ အရည်အသွေးမြှင့်တင်ရေး၊ အကူအညီပေးရေး၊ လွှတ်တော်များ အချင်းချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(၁၂၆)ကြိမ်မြောက် နိုင်ငံတကာ လွှတ်တော်များ သမဂ္ဂညီလာခံဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ ရက် ညပိုင်းက ကျင်းပခဲ့ရာ ယူဂန္ဓာနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီးမူစီဗီနီ၊ လွှတ်တော်ဥက္ကဋ္ဌ မစ္စစ်ရီဘက်ကာဂါဒါနာတို့က ဖွင့်လှစ်မိန့်ခွန်းပြောကြားခဲ့ကြပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ပါဝင်

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် အမျိုးသားလွှတ်တော် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်တို့ ပါဝင်သည်။ မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၈ ရက်က ပြန်လည်ရောက်ရှိခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအား Maybank အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား Maybank မှ Vice President Chief Representative Mr. Abdul Malek Mohd Khair နှင့်အဖွဲ့သည် ဧပြီ ၆ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Maybankအနေဖြင့် မြန်မာနိုင်ငံမှ ပြည်တွင်းဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်သွားနိုင်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း အထူးသင်းလုံးကျွတ်အစည်းအဝေးကို ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ သဘာပတိဒေါက်တာ တင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားများအသင်း ဥက္ကဋ္ဌ ဦးဝင်းငွေက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ အစည်းအဝေးတွင် ၃၁ဦးပါ မြန်မာနိုင်ငံသင်္ဘောသားများ အဖွဲ့ချုပ် ဖြစ်မြောက်ရေး အမှုဆောင်များကို ရွေးချယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသင်္ကြန်ကာလ လမ်းပေါ်၌ မဆင်မခြင်မောင်းခြင်း(သို့) မော်တော်ယာဉ်စီးနင်းခြင်းများမပြုလုပ်ကြရန်

ယနေ့ ဖတ်စရာ မှတ်စရာ

မကြာမီအချိန်ကာလတွင် နှစ်သစ်ကူးတန်ခူးလပွဲတော် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်ပါသည်။ယင်းမဟာသင်္ကြန် ရေသဘင်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုများနှင့်အညီ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြရန်လိုအပ်လှပါသည်။ ယင်းကဲ့သို့ မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ စည်းကမ်းတကျ ပါဝင်ဆင်နွှဲကြရန် သက်ဆိုင်ရာမြို့တော် စည်ပင်သာယာရေးကော်မတီများက စည်းကမ်းများထုတ်ပြန်ကြေညာကြပါသည်။ သို့ပါသော်လည်း တချို့သော ပြည်သူများမှာ လိုက်နာမှုမရှိဘဲ စည်းကမ်းဖောက်မှုများ ပြုလုပ်ဆောင်ရွက်တတ်ကြပါသည်။ ထို့ကြောင့်လည်း သက်ဆိုင်ရာများက သင်္ကြန်ပွဲတော်ကာလအတွင်း၌ပင် အရေးယူဆောင်ရွက်ခဲ့ရသည်များလည်း ရှိကြပါသည်။ ယင်းကဲ့သို့ စည်ပင် သာယာရေးကော်မတီများမှ သင်္ကြန်ကာလအတွင်း အရေးယူဆောင်ရွက်၍ရအောင်၊ ယင်းအရေးယူမှုများကို အကောင်အထည်ဖော် ဆောင်ရွက်၍ရအောင် တရားသူကြီးများ၊ ဥပဒေအရာရှိများက သင်္ကြန်ကာလရုံးပိတ်ရက်များဖြစ်သော်လည်း အချိန်ပြည့်တာဝန်ယူဆောင်ရွက်နေကြရသည်မှာလည်း နှစ်စဉ် နှစ်တိုင်းပင်ဖြစ်ပါသည်။ မဟာသင်္ကြန်ကာလတွင် ပြည်သူတို့အနေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအရလည်း အေးအေးချမ်းချမ်းနှင့် ကောင်းမွန်စွာ သွားလာ လည်ပတ်ရေကစားကြမည်ဆိုလျှင် အားလုံးအတွက် ကောင်းမွန်ကာ ပျော်ရွှင်မှုများလည်း အပြည့်အဝရရှိကြမည်ဖြစ်ပါသည်။ မိမိတို့ သင်္ကြန်ကာလအတွင်း လည်ပတ်ရာတွင်လည်းကောင်း၊ မော်တော်ယာဉ်များအား မောင်းနှင်ရာတွင်လည်းကောင်း၊ စီးနင်းရာတွင်လည်းကောင်း၊ စည်းကမ်းတကျ ကောင်းကောင်းမွန်မွန်ဖြင့် သတိတရားထားပြီး မောင်းနှင်သွားလာကြရန် လိုအပ်လှပါသည်။ အကယ်၍ သင်္ကြန်အခါသမယ အများပြည်သူဆိုင်ရာလမ်းများတွင် သတိလက်လွတ် စည်းကမ်းမဲ့စွာမောင်းနှင်ခြင်း သို့မဟုတ် စီးနင်းခြင်းများပြုလုပ်ကြပါက မိမိအတွက်လည်း အန္တရာယ်ရှိသလို အများပြည်သူများအတွက်လည်း အန္တရာယ်ကြုံတွေ့ရနိုင်ပါသည်။ မိမိတစ်ဦးတစ်ယောက်ကြောင့် စည်းကမ်းမဲ့မောင်းနှင်ခြင်း သို့တည်းမဟုတ် စီးနင်းခြင်းများကြောင့် ယာဉ်တိုက်ခိုက်မှုများ ပေါ်ပေါက်ရပါက ထိခိုက်ဒဏ်ရာများ ရနိုင်သလို ယာဉ်တိုက်မှုပြင်းထန်ပါက အသက်များပါ သေဆုံးနိုင်ပါသည်။ မိမိ၏စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပေါ်လာပါက မိမိကိုယ်တိုင်လည်း ထိခိုက်ဒဏ်ရာများရမည့်အပြင် ဥပဒေအရလည်း တရားစွဲဆို ခံရနိုင်ပါသည်။ အကယ်၍ မိမိက အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် စည်းကမ်းမဲ့မောင်းခြင်း သို့မဟုတ် စီးနင်းခြင်းပြုလုပ်ခဲ့ပါက ရာဇသတ်ကြီး အက်ဥပဒေပုဒ်မ ၂၇၉ အရ တရားစွဲဆိုခံရနိုင်ပါသည်။ ယင်းဥပဒေမူရင်းအား ဗဟုသုတဖြင့် သိရှိနိုင်ရန် တင်ပြရပါလျှင်-

ရာဇသတ်ကြီးအက်ဥပဒေပုဒ်မ ၂၇၉။ ။မည်သူမဆို လူ့အသက်ကိုအန္တရာယ်ဖြစ်စေအောင် ၎င်းသူတစ်ပါးအား နာကျင်စေလောက်အောင်သော်လည်းကောင်း သို့တည်းမဟုတ် နစ်နာစေတန်လောက်အောင်သော်လည်းကောင်း၊ အရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ အများပြည်သူဆိုင်ရာ လမ်းပေါ်၌ ယာဉ်ကိုမောင်းလျှင် (သို့မဟုတ်) စီးလျှင်ထိုသူတို့ကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ရှင်းထားပါသည်။

သင်္ကြန်ကာလတွင် အချို့သောပြည်သူများမှာ ပျော်ရွှင်မှုအဖြစ် အရက်သေစာများ သောက်သုံးလေ့ရှိကြပါသည်။ အကယ်၍ အရက်များသောက်စားထားပါက ယာဉ်မောင်းနှင်ခြင်း၊ စီးခြင်းများမပြုသင့်ပါ။ မိမိမှအရက်သေစာသောက်ထား၍ မူးယစ်နေပါလျက်နှင့် ယာဉ်များကို မောင်းနှင်သွားလာမည်ဆိုပါက ယာဉ်တိုက်မှုများဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ မိမိ၏စည်းကမ်းမဲ့ မောင်းနှင်ခြင်း၊ ပေါ့လျော့စွာ မောင်းနှင်ခြင်းများကြောင့်အခြားအပြစ်မဲ့သော ပြည်သူများအား နာကျင်စေခြင်း၊ နစ်နာစေခြင်းများ ခံစားရစေမည့်အပြင် အခန့်မသင့်ပါက အသက်အန္တရာယ်ကိုပါ ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် မိမိ၏စည်းကမ်းမဲ့ မောင်းနှင်ခြင်းကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်စေပါက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာနှစ်စဉ်ကျင်းပနေသော မဟာသင်္ကြန်ရေသဘင် ပွဲတော်အားအရုပ်ဆိုးအကျည်း တန်အောင်ပြုလုပ်ရာရောက်သွားနိုင်ပါသည်။

သို့ပါ၍ ကျရောက်တော့မည့် မဟာသင်္ကြန်ရေသဘင်ပွဲတော် အခါသမယတွင် ပြည်သူတိုင်း ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲခွင့်ရအောင် အများပြည်သူလမ်းမပေါ်တွင် စည်းကမ်းမဲ့မောင်းခြင်း သို့မဟုတ် စီးနင်းခြင်းများမပြုလုပ်ကြရန် လိုအပ်ပါကြောင်း။

ဦးရှိန် (သ/မဘဏ်ဥပဒေအကြံပေး)

ထားဝယ်သင်္ကြန်ထမင်း (ရေးဇီမုန့်း) လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ် (၈၂၈)ရှိ ထားဝယ်အသင်းတိုက်တွင် သင်္ကြန်ထမင်း (ရေးဇီမုန့်း) နှင့် ထားဝယ်မုန့်မျိုးစုံ လှူဒါန်းပွဲကို သင်္ကြန်အကြိုနေ့ (ကြာသပတေးနေ့) ဧပြီ ၁၂ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ရေတာရှည်မြို့နယ်တွင် မိုးရွာလေပြင်းတိုက် မိုးသီးကြွေ

ရေတာရှည် ဧပြီ ၉

ဧပြီ ၆ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင် ရေတာရှည်မြို့နယ်တွင် ရုတ်တရက် လေပြင်းတိုက်ပြီး မိုးရွာသွန်းခဲ့ရာတွင် မန်ကျည်းစေ့ခန့်ရှိ မိုးသီးများပါကျဆင်းခဲ့သည်။ လေပြင်းတိုက်မှုကြောင့် လျှပ်စစ်မီးကြိုးနှင့် ဖုန်းကြိုးများအပေါ် သစ်ကိုင်းများ ကျိုးကျခဲ့သဖြင့် လျှပ်စစ်မီးနှင့် ဖုန်းအဆက်အသွယ်ပါ ပြတ်တောက်ခဲ့ရသည်။ လူနေအိမ်အချို့နှင့် ကားလမ်းနံဘေးတွင်ရှိသည့် ဈေးဆိုင်အချို့ ခေါင်မိုးများလန်ခဲ့သော်လည်း အခြားသော ထိခိုက်ပျက်စီးမှုများမရှိဟု သိရသည်။ အဆိုပါ လေပြင်းတိုက်ပြီး မိုးရွာသွန်းစဉ် ဖြတ်သန်းမောင်းနှင်သွားသည့် ကြက်သွန်အိတ်တင်ကုန်တင်ယာဉ် အချို့မိုးမိကာ ည ၇ နာရီခွဲခန့်တွင် မိုးရောလေပါ စဲသွားခဲ့ကြောင်း သတင်းရရှိသည်။ (၅၇၈)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၉

ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** မင်းဘူးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မောင်တောမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ မြိတ်မြို့တွင် သုည ဒသမ ၉၈ လက်မ၊ ဖလမ်းမြို့တွင် သုည ဒသမ ၇၁ လက်မ၊ စစ်တွေမြို့တွင် သုည ဒသမ ၆၃ လက်မ၊ပူတာအိုမြို့၊ ဟားခါးမြို့နှင့် ပလက်ဝမြို့တို့တွင် သုည ဒသမ ၃၉ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဘုရားပွဲတော်လာအမျိုးသမီးအချို့ ဆွဲကြိုးများဖြုတ်ယူခံရ

ရေတာရှည် ဧပြီ ၉

ရေတာရှည်မြို့နယ်တွင် နှစ်စဉ်တန်ခူးလဆန်း ၆ ရက်မှ လပြည့်နေ့အထိ ၁၀ ရက်တိုင် ကျင်းပသည့် သမိုင်းဝင်မယ်ဒက်ကယ် ဘုရားပွဲတော်ကြီးတွင် ဘုရားပွဲလာအမျိုးသမီးအချို့ဆွဲကြိုးများ ဖြုတ်ယူခံရကြောင်း သိရှိရသည်။ ဘုရားပွဲ၏ အစည်ကားဆုံး တန်ခူးလဆန်း ၁၃ ရက်၊ ၁၄ ရက်နေ့များတွင် ဘုရားပွဲလာရောက်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိပြီး မသမာသူအချို့ကြောင့် ဘုရားပွဲလာအမျိုးသမီးရှစ်ဦးခန့် ဆွဲကြိုးများဖြုတ်ယူခံခဲ့ရပြီး တာဝန်ရှိသူများက စုံစမ်းလျက်ရှိသည်။ကိုလွင်(ဆွာ)

အခွန်စနစ်ပြုပြင်လို့ ကောင်းချီးသြဘာပေးကြစို့

ဦးတင်အောင် (အငြိမ်းစားအခွန်ဝန်ထမ်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တာဝန်ထမ်းဆောင်မှုတစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်နေ့က မိန့်ခွန်းပြောကြားရာတွင် မိမိတို့နိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့၏ တည်ငြိမ်မှန်ကန်သည့် အသွင်ကူးပြောင်းမှုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ နားလည်မှုများ မြင့်မားလာနေပြီဖြစ်သည့်အတွက် ယုံကြည်မှုများ ဆင့်ပွားဖြစ်ပေါ်လာစေရန်အတွက် ဆက်လက်ကြိုးပမ်းရဦးမှာဖြစ်ကြောင်း စသည်ဖြင့် မိန့်ကြားသွားသည်ကို နောက်တစ်နေ့သတင်းစာများတွင် မှတ်ရှုရပါသည်။

ယင်းမိန့်ခွန်း၌ အခွန်အခတို့နှင့်ပတ်သက်၍ ထည့်သွင်းပြောကြားသွားရာတွင် ပို့ကုန်နှင့် ဆက်စပ်နေသော အခွန်အကောက်များကို လျှော့ချဖယ်ရှားပေးခဲ့ကြောင်း၊ ရေတိုကာလတွင် ရသင့်ရထိုက်သည့် အခွန်အခများ တိုးမြှင့်ရရှိလာစေရန်အတွက် ဆောင်ရွက်ရာတွင် မိဘပြည်သူများ၏ လူမှုစီးပွားရေးဘဝများကို မထိခိုက်စေရန် အဘက်ဘက်မှ ချိုင့်သုံးသပ်ပြီး ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်၏ ယိုပေါက်၊ ဟာပေါက်များပိတ်နိုင်စေရန်အတွက်လည်း ကောင်းမွန်သောအုပ်ချုပ်မှုဖြင့် ထိန်းကျောင်းဆောင်ရွက်နေပြီးဖြစ်ကြောင်း၊ ရေရှည်ကာလတွင်မူ ညီမျှမှု (Equality)နှင့် မျှတမှု(Fairness)ဆိုသည့် အနေအထားနှစ်ရပ်အကြား၌ လိုက်လျောညီထွေဖြစ်စေမည့် အခွန်ဥပဒေတစ်ရပ်ကို ခေတ်စနစ်နဲ့သာမက မိဘပြည်သူများ၏ ပကတိအခြေအနေမှန်နှင့်အညီ တစ်ဦးချင်းဝင်ငွေနိမ့်ကျသည့် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အလို့ငှာ ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်သမ္မတအပါအဝင် နိုင်ငံသားအားလုံး အခွန်ပေးဆောင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်ကိုလည်း ဆက်လက်ဖတ်ရှုရပါသည်။

ဒီမိုကရေစီအစိုးရသစ်လက်ထက်၌ နိုင်ငံတော်သမ္မတကြီးမှသည် အကြီးအကဲပုဂ္ဂိုလ်များက ပြုပြင်ပြောင်းလဲဖြေလျှော့မှုများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ရှေ့တွင်ဆောင်ရွက်မည့်ကိစ္စရပ်များကို ပြောကြားတိုင်း အနောက်နိုင်ငံကြီးအချို့မှ တာဝန်ရှိပုဂ္ဂိုလ်များကလည်းကောင်း၊ ပြည်တွင်းပြည်ပမီဒီယာများကလည်းကောင်း"အလုပ်နှင့်အပြော ညီ၊ မညီစောင့်ကြည့်ရဦးမည့်"သဘောမှတ်ချက်ပြုကြသည်ကို မိမိဖတ်ရှုရ၊ ကြားသိရပေသည်။

မိမိကိုယ်တိုင်ကလည်း မိမိအတော်အသင့်နားလည်တီးခေါက်မိသည့် အခွန်အကောက်ဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရှေ့တွင် မည်ကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးပါမည်နည်း၊ မည်သည့်အခါ ဆောင်ရွက်ပေးမည်ဖြစ်သလဲ၊ မည်မျှလောက်ကြာဦးမှာလဲစသည်ဖြင့် သို့လော သို့လော ဖြစ်ခဲ့ရသည်ကို မငြင်းလိုပေ။

သို့သော် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ၂၀၁၂ ခုနှစ် မတ်လ ၁၅ ရက်နေ့ကထုတ်ပြန်သည့် ဝင်ငွေခွန်နည်းဥပဒေသစ်များ၊ ဝင်ငွေခွန်စည်းမျဉ်းသစ်များ၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းသစ်များအပြင် သက်ဆိုင်ပတ်သက်သည့် ဝင်ငွေခွန်ဆိုင်ရာအမိန့်ကြော်ငြာစာများ၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာများကို ဖတ်ရှုလိုက်ရသည့်အခါတွင်မူ နိုင်ငံတော်အကြီးအကဲပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုများမှာ "အလုပ်နှင့်အပြောညီပါပေသည်"ဟု သုံးသပ်ရပါကြောင်း ဖော်ပြလိုပါသည်။

မိမိမှာ ယခုတည်ရှိသည့် ပြည်တွင်းအခွန်များဦးစီးဌာနကြီးကို ၁၉၇၂ ခုနှစ်တွင် ဖွဲ့စည်းရာ၌ ပါဝင်ခဲ့သည့် ယခင်"အမြတ်ခွန်ဌာနခွဲ"တွင် အမြတ်ခွန်ဝန်ထောက်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နောက်ဆုံး၌ ပြည်တွင်းအခွန်များဦးစီးဌာနမှ သက်ပြည့်အငြိမ်းစားယူခဲ့သော အခွန်ဝန်ထမ်းလုပ်သက် ၃၆ နှစ်မျှ ရှိခဲ့သည့် ဝန်ထမ်းဟောင်းတစ်ဦးဖြစ်ရာ အခွန်ဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်များကို မြင်တွေ့ခဲ့ရပေါင်းများလှပြီးဖြစ်သကဲ့သို့ ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း လက်တွေ့ဆောင်ရွက်သူ၊ ကြီးကြပ်သူ၊ ညွှန်ကြားသူစသည်ဖြင့် အခွန်စီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍအမျိုးမျိုး၌ ကျင်လည်ခဲ့ရပြီးဖြစ်သည်။ ထိုသို့ ကြုံခဲ့ရသည့် ပြုပြင်ပြောင်းလဲမှုအရပ်ရပ်နှင့် ယခုဒီမိုကရေစီအစိုးရသစ်ကဆိုခဲ့သည့် အမိန့်ကြော်ငြာစာအသီးသီးဖြင့် ဆောင်ရွက်လိုက်သည့် ပြုပြင်ပြောင်းလဲမှုများကို နှိုင်းယှဉ်မိရာတွင် ယခုဆောင်ရွက်ပြီးခဲ့သမျှသည်ပင် ယခင်ပြုပြင်ပြောင်းလဲမှုများနှင့် လားလားမျှမဆိုင်၊ ဤကဲ့သို့ နိုင်ငံတော်အကျိုးပြု၊ ပြည်သူပြည်သားများအကျိုးပြု အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို မည်သည့်အခါကမျှ ဤမျှလောက်ဆောင်ရွက်ပေးခဲ့ဖူးခြင်း မရှိခဲ့ကြောင်း တွေ့ရှိရသည်ဖြစ်ရာ အောက်မြန်မာနိုင်ငံ မြို့ကြီးတစ်မြို့မှ "ပြောဟန်" ဖြင့် ပြောရပါမူ "တယ်ဆော်လိုက်ပါလား"ဟု ကြွေးကြော်လိုက်ချင်ပါတော့သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဝင်ငွေခွန်နှင့်ပတ်သက်၍ "စည်းကြပ်ခြင်းမပြုရသော ဝင်ငွေသတ်မှတ်မှု"အသီးသီးကို အသစ်ပြဋ္ဌာန်းလိုက်သည်မှာ လစာခေါင်းစဉ်မှ ဝင်ငွေနှင့်စပ်လျဉ်း၍ လစာငွေ (တစ်နှစ်) ကျပ် ၁၄၄၀၀၀၀/-(ကျပ်တစ်ဆယ့်လေးသိန်းလေးသောင်းတိတိ)ထက်မပိုလျှင် ဝင်ငွေခွန်မစည်းကြပ်ရကြောင်းဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်က ယင်းကိစ္စအတွက် သတ်မှတ်ပေးခဲ့ရာတွင် လစာငွေ (တစ်နှစ်) ကျပ် ၃၀၀၀၀/-(ကျပ်သုံးသောင်းတိတိ)ထက်မပိုလျှင် အခွန်မစည်းကြပ်ရဟုဖြစ်ခဲ့ရာ ယခုအသစ်သတ်မှတ်ချက်မှာ မူလသတ်မှတ်ချက်၏ (၄၈)ဆဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤကား နိုင်ငံတော်က ပုဂ္ဂလိကလုပ်ငန်းများရှိ လခစားဝန်ထမ်းများအပေါ် ထိုက်ထိုက်တန်တန် အကျိုးပြုလိုက်ခြင်းပင် ဖြစ်ပါသည်။ အစိုးရလခစားဝန်ထမ်းဖြစ်မူ တစ်ဖက်မှလစာများတိုးပေး၍ တစ်ဖက်မှ အခွန်ပြန်ကောက်ယူသည်ဟုလည်း ထင်မြင်ယူဆရန်အကြောင်း လုံးဝမရှိတော့ပေ။ ဤကဲ့သို့ တိုးမြှင့်သတ်မှတ်လိုက်ခြင်းမှာ ငွေကြေးဖောင်းပွမှုအပါအဝင် နိုင်ငံတော်၌ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးအခြေအနေ၊ ငွေကြေးအခြေအနေတို့နှင့်လည်း လိုက်လျောညီထွေရှိလှပေသည်။

ယခုအခါ၌ ပုဂ္ဂလိက အထည်ချုပ်စက်ရုံတို့မှ စက်ချုပ်သမားလေးများပင်လျှင် တစ်လလျှင် လစာငွေအနည်းဆုံး ကျပ် ၅၀၀၀၀ ထက်မနည်း ရရှိနေကြသည်ဖြစ်၍ မူလသတ်မှတ်ချက်အတိုင်း အခွန်မစည်းကြပ်ရသည့် ဝင်ငွေကျပ် ၃၀၀၀၀ ကိုပင် ဆက်လက်စွဲကိုင်ဆောင်ရွက်ပါက မည်သို့မျှ အဆင်ပြေအောင်မြင်နိုင်မည် မဟုတ်ပေ။ အခွန်ဝန်ထမ်းတို့က စက်ရုံအလုပ်ရုံ အလုပ်သမားတို့၏ ဝင်ငွေအပေါ် မျက်စိမှိတ်၍ စည်းကြပ်ခြင်းမပြုဘဲ နေခဲ့ကြရသည်ကပင် ၄င်းတို့အတွက် ကြီးစွာသော ဝန်ထုပ်ဝန်ပိုးဖြစ်နေခဲ့သည်ဟု မိမိစာနာမိပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ဝင်ငွေခွန် မစည်းကြပ်ရသော ပမာဏအသီးသီးကို အသစ်သတ်မှတ်ရာ၌ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်၊ စီးပွားရေးလုပ်ငန်းခေါင်းစဉ်၊ ပစ္စည်းမှ ဝင်ငွေခေါင်းစဉ်တို့အတွက်လည်းကောင်း၊ သမဝါယမကဏ္ဍမှ သမဝါယမအသင်းအဆင့်ဆင့်၏ ဝင်ငွေနှင့်စပ်လျဉ်း၍လည်းကောင်း ယခင်က ကျပ် ၃၀၀၀၀ ဟု သတ်မှတ်ခဲ့သည်ကို ယခု ကျပ် ၁၂၀၀၀၀၀ (ကျပ်တစ်ဆယ့်နှစ်သိန်းတိတိ)ဟု အဆ (၄၀) သို့ တိုးမြှင့်သတ်မှတ်လိုက်ခြင်းကို တွေ့ရှိရပါသည်။

မိမိတို့စည်းကြပ်မှုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရစဉ်က အခွန်ထမ်းတို့အပေါ် ရငွေ/ဝင်ငွေတို့ကို အတိအကျလက်ကုန်ဖော်ထုတ်၍ ထိုစဉ်ကရှိခဲ့သည့် ဥပဒေသတ်မှတ်ချက်များအတိုင်း စည်းကြပ်ရသည်ရှိသော် မတန်တဆများလွန်းမည် ဖြစ်သဖြင့် ရငွေ/ဝင်ငွေတို့ကို များစွာလျှော့ချပြီး သတ်မှတ်စည်းကြပ်ခဲ့ရသည်ဖြစ်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ယင်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု ဟန်ချက်မညီ၊ ဆီလျော်မရှိ ဖြစ်ခဲ့ရပေသည်။ ယခုမူကား အသစ်ပြဋ္ဌာန်းလိုက်သည့် သတ်မှတ်ချက်များအရ အခွန်ဝန်ထမ်းတို့က အခွန်ပေးဆောင်ထိုက်သူတို့၏ ရငွေ/ဝင်ငွေ ပကတိအခြေအနေများအတိုင်း ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် အခွန်စည်းကြပ်ခြင်းနှင့်ပတ်သက်၍လည်း ယခင်က နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းရောင်းရငွေစုစုပေါင်းသည် ကျပ်တစ်သိန်းထက်မပိုလျှင် အခွန်မစည်းကြပ်ရသော်လည်း ယခုအသစ်ပြဋ္ဌာန်းချက်အရမူ ကျပ်သိန်းငါးဆယ်ထက်မပိုလျှင် မြတ်စွန်းငွေပေါ်တွင် အခွန်မစည်းကြပ်ရသည့်အလျောက် အခြေပစ္စည်းရောင်းချသူများအတွက်လည်း များစွာသက်သောင့်သက်သာရှိသွားမည်ဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အခြေပစ္စည်းရောင်းချသူတို့အတွက် အချိုပေါ်သကာလောင်း ပြဋ္ဌာန်းပေးထားသည့် အစီအစဉ်တစ်ခုမှာ ဝင်ငွေခွန်နည်းဥပဒေသစ်များကို ထုတ်ပြန်သတ်မှတ်ထားရာ၌ရောင်းချသည့် အခြေပစ္စည်းမှာ ၁၉၉၇ ခုနှစ် ဧပြီလ ၁ ရက်နေ့ မတိုင်မီက အခွန်ထမ်းပိုင်ဖြစ်ခဲ့လျှင် ယခုရောင်းချသည့်အခါ၌ နုတ်ပယ်ရမည့် မူလတန်ဖိုးမှာ ယင်းနေ့တွင် ဖြစ်ပေါ်ခဲ့သည့် ကာလတန်ဖိုးဟု အစားထိုးမှတ်ယူရမည့်ကိစ္စ ဖြစ်ပါသည်။ ရုပ်သိမ်းလိုက်သည့် နည်းဥပဒေများတွင်မူ ယခင်က ၁၉၇၆ ခုနှစ် ဧပြီလ ၁ ရက်နေ့ မတိုင်မီ အခွန်ထမ်းပိုင်ဖြစ်ခဲ့လျှင် မူလတန်ဖိုးကို ယင်းနေ့တွင် ဖြစ်ပေါ်ခဲ့သည့် ကာလတန်ဖိုးအဖြစ် အစားထိုးခဲ့ရပါသည်။ ယခုနှစ်ပေါင်း ၂၀ ကျော် ရွှေ့တိုး၍ ရက်သတ်မှတ်ပေးလိုက်သဖြင့် တစ်နေ့ထက်တစ်နေ့ တရိပ်ရိပ်တိုးမြှင့်လာသည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းတို့၏ ဈေးနှုန်းများကြောင့် အခြေပစ္စည်းရောင်းချသူတို့တွင် နစ်နာမှုမရှိစေရန် ကာကွယ်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

လစာခေါင်းစဉ်မှ ဝင်ငွေရရှိသူများ၊ စီးပွား၊ ပစ္စည်းစသည့် ခေါင်းစဉ်တို့မှ ဝင်ငွေရရှိသူများ သမဝါယမအသင်းများနှင့်စပ်လျဉ်း၍ အထက်တွင်ဖော်ပြသည့်အတိုင်း အခွန်မစည်းကြပ်ရသည့် ဝင်ငွေတို့ကို အဆပေါင်းများစွာ တိုးမြှင့်သတ်မှတ်ပေးထားသည့်အပြင် သက်ဆိုင်ရာသတ်မှတ်ပမာဏအသီးသီးကိုကျော်လွန်၍ ဝင်ငွေရရှိသူများအား ဝင်ငွေခွန်တွက်ချက် ကျသင့်စေရာ၌လည်း ယခင်ကသတ်မှတ်ခဲ့သည့် အလွှာအလိုက်နှုန်းများထက် လျော့ပေါ့ပေးထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ လစာဝင်ငွေနှင့်ပတ်သက်၍ ယခင်က အလွှာအလိုက် ၃ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း၊ ယခု ၁ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း စီးပွားလုပ်ငန်းစသည်တို့နှင့်ပတ်သက်၍ ယခင်က ၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း၊ ယခု ၂ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း၊ သမဝါယမအသင်းများနှင့် စပ်လျဉ်း၍လည်း ယခင်က ၃ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း၊ ယခု ၂ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းစသည်ဖြင့် ဖြေလျှော့မှုများ ပြုလုပ်ထားပေသည်။

ဝင်ငွေခွန်ဥပဒေအရ စည်းကြပ်မှုများပြုလုပ်ရာတွင် အခြေခံသက်သာခွင့်၊ အိမ်ထောင်ဖက် သက်သာခွင့်၊ သားသမီးများအတွက် သက်သာခွင့်စသည်များကို ခွင့်ပြုစေရာတွင်လည်း အသစ်သတ်မှတ်မှုများအရ ဖြေလျှော့မှုများ များစွာခွင့်ပြုထားသည်ကို တွေ့ရှိရပါသည်။ အခြေခံသက်သာခွင့်နှုန်းထားမှာ ယခင်နှင့်ယခု ၂၀ ရာခိုင်နှုန်း အတူတူပင်ဖြစ်သော်လည်း အများဆုံးခံစားခွင့်ကို ယခင်က ကျပ် ၁၂၀၀၀ မျှသာ ခွင့်ပြုခဲ့၍ ယခု ကျပ်သိန်း ၁၀၀ အထိ ခွင့်ပြုထားကြောင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် ပတ်သက်၍ အိမ်ထောင်ဖက်အတွက် ယခင်က ကျပ် ၅၀၀၀ သာ ခွင့်ပြုသော်လည်း ယခု ကျပ်သုံးသိန်း ခွင့်ပြုကြောင်း၊ သားသမီးများအတွက် ယခင်က ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ အတွင်း တစ်ဦးစီအတွက် ခွင့်ပြုခဲ့သော်လည်း ယခုတစ်ဦး ငွေကျပ်နှစ်သိန်းဟု အသက်အပိုင်းအခြား သတ်မှတ်မှုမပြုဘဲ ခွင့်ပြုထားကြောင်းတို့ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

အသစ်ပြဋ္ဌာန်းလိုက်သော အခွန်နှုန်းထားများအရ မြန်မာနိုင်ငံ၌ တည်ထောင်သော ကုမ္ပဏီများအပေါ် ယခင်က စုစုပေါင်းဝင်ငွေ၏ ၃၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်း၏ စုစုပေါင်းဝင်ငွေခွန်အပေါ် ၃၀ ရာခိုင်နှုန်း၊ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများအပေါ်လည်း စုစုပေါင်းဝင်ငွေ၏ ၃၀ ရာခိုင်နှုန်း ဝင်ငွေခွန်ကျသင့်စေခဲ့ရာမှ ယခု ၂၅ ရာခိုင်နှုန်းစီသာ ကျသင့်စေကြောင်း တွေ့ရှိရသဖြင့် လုပ်ငန်းရှင်တို့တွင် အခွန်တာဝန်လျော့လေလေ အထွေထွေကုန်ဈေးနှုန်းများ ကျဆင်းလေလေဖြစ်မည်ကိုလည်း မြင်ယောင်မိကြောင်း ဖော်ပြပါသည်။

ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဝင်ငွေခွန်ဆိုင်ရာ အသစ်သတ်မှတ်ချက်များကို ၁၅-၃-၂၀၁၂ နေ့က ထုတ်ပြန်ရာ၌ ၁-၄-၂၀၁၂ ရက်မှစ၍ အကျိုးသက်ရောက်စေရန် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ အလားတူပင် ကုန်သွယ်လုပ်ငန်းခွန်နှင့် ပတ်သက်သည့် အသစ်သတ်မှတ်ချက်များကို ၁၅-၃-၂၀၁၂ နေ့ကပင် ထုတ်ပြန်ရာ၌ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ အကျိုးသက်ရောက်စေရန် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

မိမိတို့အနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ဖြေလျှော့မှုများကိုလည်း ဆက်လက်လေ့လာသည်ရှိသော်-

၁၉၇၆ ခုနှစ်မတိုင်မီက "ကုန်သွယ်ခွန်လေးရပ်" ဟူ၍ သွယ်ဝိုက်ခွန်လေးမျိုးကို စည်းကြပ်ကောက်ခံခဲ့သော်လည်း နောင်၌ ယင်းအခွန်များကို ၁၉၇၆ ခုနှစ်၊ ကုန်စည်နှင့်ဝန်ဆောင်မှုခွန် ဥပဒေ၊ ၁၉၇၆ ခုနှစ်၊ အမြတ်ခွန်ဥပဒေတို့တွင် ထည့်သွင်းပြဋ္ဌာန်း၍ စုပေါင်းစည်းရုံး ကောက်ခံခဲ့ပါသည်။ ထိုသွယ်ဝိုက်ခွန်သက်သက်များမှာ ၁၉၇၆ ခုနှစ်မှစ၍ အဆက်ပြတ်နေခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်သို့ရောက်ခါမှ "၁၉၉၀ ပြည့်နှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ" ကိုပြဋ္ဌာန်းလျက် ပြည်ပမှ ကုန်စည်တင်သွင်းမှုများ၊ ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချမှုများ၊ ပြည်တွင်း၌ ဝန်ဆောင်မှုများအပေါ်တွင် ဥပဒေသစ်အားဖြင့် ကောက်ခံခဲ့ပါသည်။

ယင်းသို့ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ကောက်ခံရာ၌ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပေါ်တွင်သာ ရောင်းရငွေ/ရငွေအားလုံးအပေါ်တွင် အခွန်စည်းကြပ်သည်ဖြစ်၍ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အကျုံးဝင်သူများအတွက်မူ ကနဦးပမာဏအသီးသီးကို threshold အဖြစ်ထားရှိ၍ အခွန်ကင်းလွတ်ခွင့်ပေးထားပြီး ယင်းပမာဏအသီးသီးထက်ကျော်လွန်မှ အခွန်ကျသင့်စေခြင်း ဖြစ်ပါသည်။

ယခင်က "ဆား" မှအပ နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်ထုတ်လုပ်ရောင်းရငွေများမှ ကနဦးကျပ် ၂၄၀၀၀၀၊ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများမှ ကနဦး ကျပ် ၃၀၀၀၀၀၊ ရေကြောင်းနှင့်ကုန်းလမ်း ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများမှ ကနဦး ကျပ် ၁၈၀၀၀၀ အသီးသီးကို ကုန်သွယ်လုပ်ငန်းခွန်မစည်းကြပ် ကင်းလွတ်ခွင့်ပြုထားပါသည်။

ယခုနိုင်ငံတော်က ဆောင်ရွက်လိုက်သည့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲဖြေလျှော့မှုများအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အကျုံးဝင်သူများက ကုန်ထုတ်လုပ်ရောင်းချမှုတို့နှင့် စပ်လျဉ်း၍ ကနဦး ကျပ် သိန်း ၁၀၀ အထိကိုလည်းကောင်း၊ ဝန်ဆောင်မှု၌လည်း အလားတူပင် ကနဦး ကျပ်သိန်း ၁၀၀အထိကိုလည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်မစည်းကြပ်စသည်ဖြင့် ကင်းလွတ်ခွင့်ရရှိခဲ့ရာမှ ယခင်က ကျပ် ၂၄၀၀၀၀၊ ကျပ် ၃၀၀၀၀၀၊ ကျပ် ၁၈၀၀၀၀ စသည်ဖြင့် ကင်းလွတ်ခွင့်ရရှိခဲ့ရာမှ ယခုငွေကျပ် သိန်း ၁၀၀အထိ ကင်းလွတ်ခွင့်ရရှိလာပြီဖြစ်ရာ ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ဝန်ဆောင်မှု ဆောင်ရွက်သူလုပ်ငန်းငယ်များအတွက်မှတစ်ဆင့် အမှန်တကယ် အခွန်ပေးဆောင်ရသည့် စားသုံးသူများအတွက် များစွာသက်သောင့်သက်သာဖြစ်စေကြောင်း တွေ့ရှိရပါသည်။

ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ယခင်က လေကြောင်းခရီးသည် ပို့ဆောင်ရေး၊ ရထားခရီးသည်ပို့ဆောင်ရေးဟူသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကုန်သွယ်လုပ်ငန်းခွန်မစည်းကြပ်သည့် ဝန်ဆောင်မှုရငွေသတ်မှတ်ချက်များ threshold မရှိသော်လည်း ယခုမူ ကနဦး ဝန်ဆောင်မှုရငွေကျပ် ၁၀၀ တိတိမှာ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် ရရှိလာပြီဖြစ်ကြောင်း တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ထို့အပြင် အခြားဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့်လည်း အလားတူပင် ကျပ်သိန်း ၁၀၀ တိတိ ကင်းလွတ်ခွင့်ရရှိလာကြပြီဖြစ်သဖြင့် ပြည်သူများအပေါ်တွင် အခွန်ဆိုင်ရာဝန်ထုပ်ဝန်ပိုးများစွာ လျော့နည်းသွားမည်ဖြစ်ပါသည်။

ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပါ မူလပြဋ္ဌာန်းချက်များအရ ယင်းဥပဒေ၏ ဇယားအသီးသီးမှာ အခွန်ကင်းလွတ်ခွင့်ရရှိသည့် ဇယား ၁၊ ၅ ရာခိုင်နှုန်း အခွန်ကျသင့်သည့် ဇယား ၂၊ ၁၀ ရာခိုင်နှုန်း အခွန်ကျသင့်သည့် ဇယား ၃၊ ၂၀ ရာခိုင်နှုန်း အခွန်ကျသင့်သည့် ဇယား ၄၊ ၂၅ ရာခိုင်နှုန်း အခွန်ကျသင့်သည့် ဇယား ၅၊ ကုန်စည်အမျိုးအစားအလိုက် ၃၀ ရာခိုင်နှုန်းမှ ၂၀၀ ရာခိုင်နှုန်းအတွင်း အခွန်ကျသင့်မည့် ဇယား ၆ တို့ ဖြစ်ပါသည်။

မူလပြဋ္ဌာန်းချက်များအရ ယင်းဇယားတို့ပါ ကုန်စည်တို့နှင့်စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းလျှင် ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင်လည်းကောင်း၊ နိုင်ငံတော်အတွင်း ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ရောင်းရငွေပေါ်တွင်လည်းကောင်း အခွန်ကျသင့်စေမည့်ဇယားအဖြစ် ပြောင်းလဲခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်က ၁၅-၃-၂၀၁၂ နေ့တွင် အမိန့်ကြော်ငြာစာအသီးသီးဖြင့် ပြုပြင်ပြောင်းလဲဖြေလျှော့မှုများ ပြုလုပ်ပေးမှုအရ ဇယား ၁ မှာ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ကုန်စည်များနှင့်ပတ်သက်၍သာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မှု မရှိခြင်းဖြစ်၍ ယင်းဇယား ၁ ပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်ပမှ တင်သွင်းလျှင်မူကား ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေမည့် ဇယားအဖြစ် ပြောင်းလဲခဲ့ပြီ ဖြစ်ပါသည်။

ထို့အပြင် ဇယား ၂၊ ဇယား ၃၊ ဇယား ၄နှင့် ဇယား ၅ တို့မှာ ၂၊ ၃၊ ၄၊ ၅ တူသည့် အမှတ်အသီးသီးဖြင့် ဆက်လက်တည်ရှိသည့် ဇယားများဖြစ်သော်လည်း ပြုပြင်ပြောင်းလဲမှုအရ ယင်းဇယားအသီးသီးပါ ကုန်စည်များကို ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရန် ပြင်ဆင်သတ်မှတ်လိုက်ပြီဖြစ်သဖြင့် ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းဟူ၍ မဟုတ်တော့ဘဲ အားလုံး ၅ ရာခိုင်နှုန်း ဇယားချည်းဖြစ်ခဲ့ပြီး ဖြစ်ပါသည်။

ဇယား ၆ ပါ ကုန်စည်များနှင့်ပတ်သက်၍သာ ကုန်စည်အမျိုးအစားအလိုက် ဖော်ပြသည့် အခွန်နှုန်းထားအသီးသီးဖြင့် အခွန်ကျသင့်စေရမည်ဖြစ်ပါသည်။ ဇယား ၆ ပါ ကုန်စည်များကို ယခုပြင်ဆင်သတ်မှတ်ထားသည်ဖြစ်ရာ ကုန်စည်အမျိုးအမည်ပေါင်း ၁၈ မျိုးဖြစ်၍ ကုန်စည်အမျိုးအစားအလိုက် နှုန်းထားများမှာမူ အနည်းဆုံး ၈ ရာခိုင်နှုန်းမှ အများဆုံး ၁၀၀ ရာခိုင်နှုန်းအထိ ဖြစ်ပါသည်။ ၁၀၀ ရာခိုင်နှုန်း ကျသင့်သော ကုန်စည်အမျိုးအစားမှာ တစ်မျိုးတည်းသာဖြစ်၍ ယင်းမှာ "စီးကရက်" ဖြစ်ပါသည်။ အရက်အမျိုးမျိုးမှာ ၅၀ ရာခိုင်နှုန်းဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲမှုအစီအစဉ်အရ ဝန်ဆောင်မှုဇယားဖြစ်သော ဇယား ၇ ပါ ဝန်ဆောင်မှုအမျိုးအစားများကိုလည်း ထပ်တိုးထားသည်ဖြစ်ရာ ယင်းဇယား၌ ယခုအခါ ဝန်ဆောင်မှုအမျိုးအစားပေါင်း ၁၄ မျိုးရှိပြီ ဖြစ်ပါသည်။ ယင်းဝန်ဆောင်မှုအသီးသီးအတွက် အခွန်နှုန်းမှာလည်း ၅ ရာခိုင်နှုန်းသာ ဖြစ်ပါသည်။ ယခင်က ရုပ်ရှင် သို့မဟုတ် ဗီဒီယိုပြသခြင်းအတွက် ၃၀ ရာခိုင်နှုန်း၊ အခြားဖျော်ဖြေမှုများအတွက် ၁၅ ရာခိုင်နှုန်း ကျသင့်စေခဲ့ရာမှ ယခုအခါ ၅ ရာခိုင်နှုန်းသာကျသင့်တော့မည်ဖြစ်သဖြင့် ပြည်သူတို့အနေဖြင့် ရုပ်ရှင်၊ ဇာတ်ပွဲစသည်တို့ကို ဈေးနှုန်းသက်သာစွာဖြင့် ကြည့်ရှုအပန်းဖြေခွင့် ရရှိကြတော့မည်ဖြစ်ပါသည်။ ယခင်က ဟိုတယ်၊ တည်းခိုခန်းတို့မှရရှိသည့် ဝန်ဆောင်မှုရငွေအပေါ် ၁၀ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်နေခဲ့ကြရာမှ ယခုအခါ ၅ ရာခိုင်နှုန်းသာ ပေးဆောင်ကျသင့်တော့မည်ဖြစ်သည်မှာလည်း ဝမ်းမြောက်ဖွယ်ပင်ဖြစ်ပါသည်။

ယခုနိုင်ငံတော်က ပြုပြင်ပြောင်းလဲ ဖြေလျှော့ပေးလိုက်သည့် ပြဋ္ဌာန်းချက်အသစ်များအရ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျွန်းသစ်လုံးနှင့် ကျွန်းသစ်ခွဲသားများ၊ သစ်မာသစ်လုံးနှင့် သစ်မာခွဲသားများ၊ ကျောက်စိမ်းနှင့် အဖိုးတန်ကျောက်မျက်ရတနာများ ဤ(၅)မျိုးမှအပ အခြားမည်သည့်ကုန်စည်ကိုမဆို ပြည်ပသို့ တင်ပို့ရောင်းချပါက ကုန်သွယ်လုပ်ငန်းခွန် အလျဉ်းကျသင့်မည်မဟုတ်ပေ။ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသည်။ ဖော်ပြပါကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချလျှင်မူ ဆိုင်ရာကုန်စည်အတွက် ဇယား ၆ တွင် သတ်မှတ်ထားသည့် အခွန်နှုန်းအတိုင်း နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါကုန်စည် (၅)မျိုးမှလွဲ၍ အခြားမည်သည့်ကုန်စည်ကိုမဆို ပြည်ပသို့တင်ပို့ရောင်းချပါက ရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးထားပြီးဖြစ်ပါသည်။

ပြည်တွင်း၌ နိုင်ငံခြားငွေဖြင့် ရောင်းချလျှင်မူ ဇယား ၁ မှ ဇယား ၆ အထိပါ ကုန်စည်များအားလုံးအပေါ်တွင် ဇယားပါနှုန်းအသီးသီးအတိုင်း ဆိုင်ရာနှုန်းဖြင့်ပင် နိုင်ငံခြားငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်၍ ကျသင့်ငွေကိုဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။ ဤနေရာ၌ ဇယား ၁ ပါ ကုန်စည်များအတွက် "ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း"အတွက် ရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရန် ပြဋ္ဌာန်းထားပြီးဖြစ်ရာ နိုင်ငံခြားငွေဖြင့် ပြည်တွင်း၌ ရောင်းချခြင်းအပေါ်တွင်လည်း အခွန်မကျသင့်ပါကြောင်း ဖော်ပြပါသည်။

ဝန်ဆောင်မှုတို့အတွက် နိုင်ငံခြားငွေဖြင့် ရရှိလျှင်လည်း ဇယားအရပါနှုန်းအတိုင်း နိုင်ငံခြားငွေဖြင့် အခွန်ကျသင့်စေ၍ အထက်ဖော်ပြပါနည်းလမ်းအတိုင်း ကျပ်ငွေဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိဂုံးချုပ်အားဖြင့် ဘဝတူ ပြည်သူများနှင့် လုပ်ငန်းရှင်များအား မိမိကရိုးသားစွာ အကြံပြုပြန်ကြားလိုသည်မှာ နိုင်ငံတော်ဘက်ကတော့ ထိုက်ထိုက်တန်တန်ထက်မက ဖြေလျှော့ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ မိမိတို့ဘက်ကသာ အခွန်ယိုပေါက် ဟာပေါက်များ ပိတ်နိုင်ရေးအတွက် "အခွန်ထမ်း"နှင့် "အခွန်ဝန်ထမ်း"တို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု ဖော်ညွှန်လိုက်ရပါကြောင်း။ ။

ဝန်ယူရေလှောင်တမံကို တွေ့ရစဉ်။

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအားမြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ဝန်ယူရေလှောင်တမံနှင့် မဒေးရေလှောင်တမံ

မဒေးရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

ဝန်ယူရေလှောင်တမံ

* ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကန်ငွန်းမကျေးရွာအနီး ဝန်ယူချောင်းပေါ်တွင် တည်ဆောက်ထားသည်။
* တမံအလျား ပေ ၂၃၀၀၊ တမံအမြင့် ၂၈ ပေ ရှိသည်။
* ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၄၀၀ ရှိသည်။
* ဝန်ယူရေလှောင်တမံမှ လယ်မြေ ၃၄၅ ဧကကို ဆည်ရေပေးဝေနိုင်သည်။
* ဒေသစိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူ ပြုသည်။
* နှမ်းစပါးနှင့် ကုလားပဲတို့ကို တိုးတက်စိုက်ပျိုးလာ နိုင်သည်။

မဒေးရေလှောင်တမံ

- မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကြို့ပင်ရွာအနီး၌ တည်ဆောက်ထားသည်။
- ရေဆင်းဧရိယာ ၇၆ စတုရန်းမိုင်ရှိသည်။ မဒေးချောင်းပေါ်၌ တည်ဆောက်ထားသည်။ မြေသားတမံအမျိုးအစားဖြစ်သည်။
- တမံအမြင့် ၁၅၅ ပေ၊ အလျားပေ ၁၉၂၀ နှင့် ကုန်းကြောတမံ အလျားပေ ၁၂၀၀ ရှိသည်။
- ကံမမြို့နယ်အတွင်းရှိ လယ်မြေဧက ၄၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်သည်။ ခြောက်သွေ့သော ပတ်ဝန်းကျင်သဘာဝ အနေအထားကို စိမ်းလန်းစိုပြည်စေသည်။
- ဤရေလှောင်တမံ ရေပေးနိုင်မှုအရ ဧက ၄၀၀၀ ၌ မိုးစပါး၊ မိုးနှမ်းနှင့် ပဲတီစိမ်းကို ပထမတစ်သီး စိုက်ပျိုးနိုင်သည်။
- ဒုတိယတစ်သီးအဖြစ် နွေစပါးနှင့် ပဲမျိုးစုံ။
- တတိယသီးနှံအဖြစ် နွေစပါးကို ဧက ၇၀၀ ထပ်မံစိုက်ပျိုးနိုင်သည်။
- သီးနှံစိုက်စွမ်းအား ၂၁၈ ရာခိုင်နှုန်းအထိ တိုးတက်လာမည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

မဒေးရေလှောင်တမံကို တွေ့ရစဉ်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့က ကရင်အမျိုးသားအစည်းအရုံး(KNU)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အား ထာဝရငြိမ်းချမ်းရေးအထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော ကရင်အမျိုးသားအစည်းအရုံး (KNU)အား နိုင်ငံတော်အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့က ထာဝရငြိမ်းချမ်းရေး အထိမ်းအမှတ်ညစာစားပွဲကို ဧပြီ ၈ ရက် ညပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ တည်ခင်းဧည့်ခံရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဇော်မင်း၊ ဦးခင်ရီ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကရင်တိုင်းရင်းသားအဖွဲ့အစည်းများ၊ ကရင်အမျိုးသားအစည်းအရုံး(KNU)မှ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်နှင့် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးတို့ ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ထာဝရငြိမ်းချမ်းရေး အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ကျေးဇူးတင်စကား ပြောကြားပြီး ကရင်အမျိုးသားအစည်းအရုံး (KNU)မှ အထွေထွေအတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ညစာစားပွဲတွင် ကရင်တိုင်းရင်းသား တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ကရင်အမျိုးသား အစည်းအရုံး(KNU) ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ အထွေထွေ အတွင်းရေးမှူးချုပ် နော်စီဖိုးရာစိန် အား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတက ထာဝရငြိမ်းချမ်းရေးလက်ဆောင်အဖြစ် ပေးအပ်သော ကွန်ပျူတာများ၊ ဆိုလာမီးအိမ်များအား နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လည်းကောင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် Sky Net ရုပ်သံဖမ်းစက် ၁၀ လုံး အား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက လည်းကောင်း၊ အမှတ်တရပစ္စည်းများအား ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက လည်းကောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) အဖွဲ့ဝင်များထံ ပေးအပ်ကာ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နီပေါနိုင်ငံသမ္မတထံ သံအမတ်ကြီး ဦးအေးခိုင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၁၀

နီပေါဖယ်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအေးခိုင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် မတ် ၃၀ ရက်တွင် ကတ္တမန္ဒူမြို့၌ နီပေါဖယ်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ ဒေါက်တာ ရမ်ဘာရန်ရ် ယာဒါဗ့်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၄-၂၀၁၂ (အင်္ဂါနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော်-မေတ္တသုတ်		**“အချစ်တေးသံရင်ခုန်သံ” (အပိုင်း-၄၈)**
၅း၄၀	“ကျိုးမိုက်မဖြစ်စေနဲ့” တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)	၈း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	Cartoon Show Time (Arthur 3 war of Two Worlds)	၉း၂၀	Show Room (Part-2)
၁၀း၄၅	Celebrity Style (ခင်ဘုဏ်း)	၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပုံပြောကောင်းတဲ့ချစ်သူ” (အပိုင်း-၈)**
၂း၅၅	လေးဆူမွေတော်ပေါင်းစုစုံ မြတ်ဘုရားရှေ့တိုက်	၁၁း၁၅	(၂၁)ရာစုရဲ့ဇော်ဝမ်းသကြန်
၆း၁၅	ဇင်ထက်ဘီလပ်မြေနှင့် အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်ခန်းဖွင့်ပွဲအခမ်းအနား (နေပြည်တော်)	၁း၀၀	တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
		၁း၂၅	**Barclays Premier League Blackburn Vs Liverpool**
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**	၄း၄၅	ဆုပန်ရည်စူးအရောက်ဖူး မြတ်ဘုရားဖောင်တော်ဦး

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	Blackburn - Liverpool	ESPN(MRTV-4)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြော မီးသတ်စွမ်းရည်သရုပ်ပြ

နေပြည်တော် ဧပြီ ၉

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးသတ်စွမ်းရည်သရုပ်ပြပွဲကို ဧပြီ ၆ ရက် နံနက် ၇ နာရီတွင် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန ပင်မအလုပ်ရုံ (ပျဉ်းမနား)၌ကျင်းပရာ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးအောင်ဆန်းက ပညာပေးဟောပြောပြီး လက်ထောက်အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးနေဝင်းက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းကာ ဝန်ထမ်းများက မီးသတ်စွမ်းရည်သရုပ်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

လစာအပေါ်ဝင်ငွေခွန်ထမ်းဆောင်ခြင်း ဆွေးနွေး

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးကျင်းပသည့် လစာအပေါ် ဝင်ငွေခွန်ပေးဆောင်ခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၉ရက် နံနက် ၁၀ နာရီတွင် အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ ကျင်းပရာ **(အောက်ပုံ)** ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

လစာအပေါ်ဝင်ငွေခွန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်း၍ ဝင်ငွေခွန် တွက်ချက်ပုံနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူပြာက ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသောပုဂ္ဂိုလ်များက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူပြာက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်းသိရသည်။ (ပြည်တွင်းအခွန်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်အတွက် တန့်ယန်းမြို့နယ်ရှိ လက်ကမ်းစောင့်ရှောက်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သော တန့်ယန်းအောက်ထရစ်ရှိ ပရော့ဂျက် (တီဝိုင်အိုပီ)မှ ကျန်းမာရေးဆိုင်ရာစာအုပ်များ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ် အပါအဝင် သုတရသစာအုပ်မျိုးစုံ ၄၄၆အုပ်ကို မတ် ၂၆ ရက်က လှူဒါန်းရာ (တီဝိုင်အိုပီ)မှ အတွင်းရေးမှူး ဒေါ်ချိုသဲပိုက ပေးအပ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးမင်းလွင်ဦး လက်ခံစဉ်။

(၆၅၅)

နိုင်ငံတကာ အနုပညာသတင်း

ကာရီစမာကပူးသရုပ်ဆောင်ထားသည့် Dangerous Ishq ဇာတ်ကားဖြန့်ချိမည်

အိန္ဒိယဘောလိဝုဒ်မင်းသမီး ကာရီစမာကပူး သရုပ်ဆောင်ထားသည့် Dangerous Ishq ဇာတ်ကား မကြာမီ ဖြန့်ချိပြသမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အသက် (၃၇) နှစ်ရှိ မင်းသမီး ကာရီစမာကပူးက ဤဇာတ်ကား၏ ကံကြမ္မာနှင့်ပတ်သက်၍ မသိသေးကြောင်း၊ မိမိတို့ ဤဇာတ်ကားကို အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ထားကြောင်း၊ 3D (သုံးဖက်မြင်) ဇာတ်ကားပြုလုပ်ရသည်မှာ လုံးဝမလွယ်ကူကြောင်း၊ ယင်းဇာတ်ကားနှင့် ပတ်သက်၍ အမှန်တကယ်စိတ်လှုပ်ရှားမိကြောင်း ပြောကြားသည်။

Zubeidaa ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ကာရီစမာက Dangerous Ishq ဇာတ်ကား ရိုက်ကူးရေးနှင့်ပတ်သက်၍ အတွေ့အကြုံကို ပြောကြားရာတွင် သူ့ဘဝ၏ အကောင်းဆုံးအချိန်အဖြစ် မှတ်ချက်ပြုခဲ့သည်။

ကာရီစမာက ၎င်း၏ သရုပ်ဆောင်မှု အပိုင်းနှင့်ပတ်သက်၍ အခက်အခဲများရှိခဲ့သကဲ့သို့ ရယ်မောစရာများလည်း ရှိခဲ့ကြောင်း၊ ထို့ပြင် ကာရီ

အိန္ဒိယဘောလိဝုဒ်မင်းသမီး ကာရီစမာကပူး။

စမာက Dangerous Ishq ဇာတ်ကား ပိုစတာတွင် သူ၏ပုံသဏ္ဌာန်သည် မင်းသမီးအိန်ဂျလီနာဂျိုလီ၏ ဟန်နှင့် တူစေရန် ကြိုးစားပုံဖော်ထားသည် ဆိုသော ဝေဖန်မှုများကိုလည်း ငြင်းဆန်ခဲ့သည်။

ယင်းဇာတ်ကားကို မေ ၁၁ ရက်တွင် ဖြန့်ချိပြသသွားမည်ဖြစ်သည်။

အင်တာနက်။

အောဝမ်းစိုး

❑ 3Dမှ

နှစ်တစ်ရာပြည့်ကာလနှင့် တိုက်ဆိုင်နေသည်။ Titanic သင်္ဘောကြီးသည် ၁၉၁၂ ခုနှစ် ဧပြီ ၁၅ ရက်တွင် ရေခဲတောင်တစ်ခုနှင့် တိုက်မိပြီးနောက် လူ ၁၅၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။

၁၉၉၇ ခုနှစ်က ရိုက်ကူးခဲ့သော Titanic ဇာတ်ကားမှာ Titanic သင်္ဘောကြီးပေါ်မှ ဆို့နင့်ကြေကွဲဖွယ်ရာ ချစ်ဇာတ်လမ်းတစ်ပုဒ်ကို သရုပ်ဖော်တင်ပြထားခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄ သန်း ရရှိခဲ့သည်။

အင်တာနက်။

Namoo Actors အေဂျင်စီနှင့် သက်တမ်းတိုးလိုက်သည့် ကင်မ်ဆိုယွန်

ကိုရီးယားမင်းသမီး ကင်မ်ဆိုယွန်သည် ၎င်း၏အနုပညာရေးရာအေဂျင်စီ Namoo Actors နှင့် အနုပညာလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားရန် စာချုပ်သက်တမ်းကို ထပ်မံတိုးမြှင့်လိုက်ကြောင်း၊ ၎င်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ မတ်လနှောင်းပိုင်းက ပြီးဆုံးသွားခဲ့ကြောင်းနှင့် ကင်မ်ဆိုယွန်**(ယာပုံ)**က ယင်းအေဂျင်စီနှင့်ပင် ဆက်လက်လုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း Namoo Actors မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကင်မ်ဆိုယွန်နှင့် အနုပညာလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် မိမိတို့ စိတ်လှုပ်ရှားရကြောင်း၊ အခြားအနုပညာရှင်များဖြစ်သည့် ယွန်ဂျီမွန်း၊ ဂျီဆန်၊ လီယွန်ဂျီတို့သည်လည်း စာချုပ်သက်တမ်းများ အသီးသီးတိုးမြှင့်ခဲ့ကြောင်း အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ကင်မ်ဆိုယွန်သည် ၁၉၉၄ ခုနှစ်ကတည်းက အနုပညာလောကသို့

ရောက်ရှိလာသူဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်က အမ်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သည့် All About Eve ရုပ်သံဇာတ်လမ်းတွဲဖြင့် နာမည်ကျော် လူသိများခဲ့သည်။ ကင်မ်၏ အခြားနာမည်ကျော် ဇာတ်လမ်းတွဲများမှာ ၂၀၀၉ ခုနှစ်က IRIS၊ ၂၀၁၀ ခုနှစ်က Princess Prosecutor နှင့် Dr. Champ ဇာတ်လမ်းတွဲတို့ ဖြစ်သည်။

အင်တာနက်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တာချီလိတ်မြို့ သစ်လွင်မိုး ရေသန့် ဘူးခွံ ထုတ်လုပ်ရေး စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် တာချီလိတ်၌ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဧပြီ ၇ ရက် နံနက် ၁၁ နာရီတွင် တာချီလိတ်ခရိုင် တာလေမြို့ တာလေ-ကျိုင်းလပ်လမ်းမှ အရှည်ပေ ၃၀၀ ရှိ နမ့်မွေဘေလီတံတားကြံ့ခိုင်မှုကို ကြည့်ရှုပြီး တံတားရေရှည်ခိုင်ခံ့ရေး ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တာလေမြို့သမိုင်းဝင် လန့်ဒေါင်းဘုရားအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းသည်။ ဆက်လက်၍ တာလေမြို့ပေါ်နှင့် မိုင်းလင်းကျေးရွာရှိ ငလျင်ဒဏ်သင့်နေအိမ်များ တည်ဆောက်ပြီးစီးမှုနှင့် နားယောင်းပင်မဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် တာချီလိတ်မြို့သို့ရောက်ရှိပြီး မြန်မာ့ရေမွန်က တည်ဆောက်လျက်ရှိသော ဝမ်ပုံဆိပ်ကမ်း၊ တာချီလိတ်စက်မှုဇုန်၌ သွင်းကုန်အစားထိုး ဆောင်ရွက်လျက်ရှိသည့် တိုးတက်အစာချက်စက်ရုံ၊ သစ်လွင်မိုး ရေသန့်ဘူးခွံထုတ်လုပ်ရေးစက်ရုံနှင့် ဖိနပ်ချုပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လောပိတ၌ GSM စခန်းသစ်တစ်ခု ဖွင့်လှစ်

နေပြည်တော် ဧပြီ ၉

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊ ကယားပြည်နယ်အတွင်း မိုဘိုင်းဖုန်းကွန်ရက်များ ပိုမိုပြည့်စုံကောင်းမွန်စေရန်၊ လောပိတ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် လောပိတကျေးရွာအတွက် မိုဘိုင်းဖုန်းကွန်ရက်ရရှိစေရန် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လိုင်း ၃၀၀၀ ပါ GSM စခန်းသစ်တစ်ခုကို ယနေ့တွင် လောပိတဓာတ်အားပေးစက်ရုံ(၂) ရွှေညောင်ပင်ကုန်း၌ ဖွင့်လှစ်၍ GSM ဖုန်းများကို ပြည်သူလူထုသို့ ငွေကျပ်နှစ်သိန်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲတော်အား ရိုးရာယဉ်ကျေးမှုနှင့်အညီ မြို့တော်နေပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ဆောက်လုပ်လျက်ရှိရာ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ဧပြီ ၉ ရက်က တွေ့ရစဉ်။

(မြဝ)

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမည့် ရွှေလှံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာ၏ တစ်မိုင်ခန့်အကွာ ဒုဌဝတီမြစ်၏ အနောက်ဘက်ကမ်းပေါ်တွင်တည်ရှိသည့် ရွှေလှံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း. . .။ အမည်က ဆန်းသလောက် ဒီဇိုင်းရေးဆွဲထားမှုကလည်း ဆန်းသစ်သည်။ မြစ်ရေတင်စီမံကိန်းများအနက် စံပြုအပ်သည့် မြစ်ရေတင်စီမံကိန်းဟုပင် ဆိုရလောက်သည်။

ရွှေလှံ့ဗိုလ်ကန်ကို အစွဲပြု၍ ရွှေလှံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဟု အမည်မှည့်ခေါ်ထားသော်လည်း အဓိကရေအရင်းအမြစ်မှာ ဒုဌဝတီမြစ်ဖြစ်သည်။ ဒုဌဝတီမြစ်သည် တစ်နှစ်ပတ်လုံး စီးဆင်းပြီး နွေရာသီ၌ပင် မြစ်ပြင်ကျယ်ပြော၍ ရေထုနှင့် ရေစီးအား အလွန်ကောင်းသည်။

မြစ်ရေတင်စီမံကိန်းများ၏ အဓိကအသက်သွေးကြောမှာ တစ်နှစ်ပတ်လုံး ရေအလုံအလောက်ရနိုင်မည့် ရေအရင်းအမြစ်ပင်ဖြစ်သည်။ ရေကို လိုအပ်သည့်အချိန်တွင် လိုအပ်သလို စုပ်တင်နိုင်သည်နှင့်အမျှ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

ရွှေလှံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရေအရင်းအမြစ်အားသာချက်ရှိသည့်အပြင် ဒီဇိုင်းရေးဆွဲမှု ကောင်းမွန်ခြင်း၊ ဒီဇိုင်းအတိုင်းရရှိအောင် အကောင်အထည်ဖော်တည်ဆောက်နိုင်ခြင်းတို့ကြောင့် အခြားသော မြစ်ရေတင်စီမံကိန်းများနှင့်မတူဘဲ ပိုမို၍ အကျိုးထိရောက်မှုရှိသည့်အပြင် ဒေသခံပြည်သူများ၏ လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ခြင်းပင်ဖြစ်သည်။

ရွှေလှံ့ဗိုလ်လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ လက်တံခွဲမြောင်းတည်ဆောက်ခြင်းလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ရွှေလှံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူအကောင်အထည်ဖော်တည်ဆောက်ခြင်းဖြစ်ပြီး ရေတင်အဆင့် သုံးဆင့်၊ ရေတင်စနစ် ရေပေါ်ရေတင်စက်ရုံ (Pontoon Type) ဖြစ်သည်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် စီမံကိန်းစတင်ခဲ့ရာ ယခုအခါ စီမံကိန်းလုပ်ငန်းများအားလုံး၏ ၆၈ ဒသမ ၆၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းတစ်ခုလုံးကို ၂၀၁၃ ခုနှစ် မတ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်း၏ မြို့ပြဆိုင်ရာ အချက်အလက်များအနေဖြင့် ပင်မမြောင်းအရှည် ကိုးမိုင်၊ လက်တံမြောင်း အရှည် ၁၀ ဒသမ ၅၉ မိုင်၊ လက်တံခွဲမြောင်းအရှည် ၃ ဒသမ ၉၈ မိုင်၊ တူးမြောင်းအဆောက်အအုံ ၅၆၇ ခု၊ ဓာတ်အားခွဲရုံ သုံးခု ပါဝင်သည်။

ဒုဌဝတီမြစ်မှရေကို ၂၀ ကျူဆက်ပန့် ရေစုပ်စက် ခြောက်လုံးဖြင့် စုပ်တင်၍ စိုက်ပျိုးမြေဧက ၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုလာနိုင်စေရန် ရည်ရွယ်၍ တည်ဆောက်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေလှံ့ဗိုလ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ ရေပေါ်ရေတင်စက်ရုံ (Pontoon) နှင့် ရေတင်အဆင့်(၁)၌ သံပိုက်လုံးကြီးများဖြင့် ရေစုပ်တင်နေမှုကို တွေ့ရစဉ်။

စီမံကိန်း၏ အဓိကတည်ဆောက်ရသည့် လုပ်ငန်းကဏ္ဍများအနေဖြင့် အကြိုတည်ဆောက်ခြင်း၊ ရွှေလှံ့ဗိုလ်ကန်အတွင်း ရေဖြည့်သိုလှောင်နိုင်ရန် Feeder Main Canel နှင့် Syphon တည်ဆောက်ခြင်း၊ မြို့ပြလုပ်ငန်း တူးမြောင်းရေသောက်စနစ်တည်ဆောက်ခြင်း၊ လျှပ်စစ်နှင့် ရေစုပ်စက်တပ်ဆင်တည်ဆောက်ခြင်း၊ နတ်ရေကန် ရေလွှဲဆည် (Weir) တည်ဆောက်ခြင်း၊ ဌာနသင်တန်းကျောင်း တည်ဆောက်ခြင်းနှင့် တည်ဆောက်စဉ်ကာလအတွင်း စိုက်ပျိုးရေပေးဝေခြင်းတို့ ပါဝင်သည်။

ရွှေလှံ့ဗိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ခြင်းဖြင့် သီးနှံအထွက်နှုန်း တိုးတက်လာခြင်း၊ သီးထပ်စွမ်းအားတိုးတက်လာခြင်း၊ ဒေသဝမ်းစာဖူလုံစွာရနိုင်ခြင်း၊ သောက်သုံးရေ ရနိုင်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းစွာနှင့် ကျန်းမာရေးကောင်းမွန်လာခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာခြင်း၊ အပေါ်ယံမြေဆီလွှာ ကောင်းမွန်လာခြင်း၊ မြောင်းစစ်လမ်းကို ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်မှုအတွက် လွယ်ကူစွာအသုံးပြုနိုင်ခြင်း စသည်ဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ရွှေလှံ့ဗိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း တည်ဆောက်စဉ်ကာလအတွင်း ၂၀၁၀-၂၀၁၁ ခုနှစ် မိုးသီးနှံမှစ၍ ရေပေးဝေခဲ့ပြီး ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၉၂၂ ဧက၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၃၁၂ ဧကကို ရေပေးဝေနိုင်ခဲ့သည်။ စီမံကိန်းမဆောင်ရွက်စဉ်က ရွှေလှံ့ဗိုလ်ကန်အတွင်း ၃၄ ဒသမ ၆၇ ဧက/ပေသာ ရေသိုလှောင်နိုင်ခဲ့သော်လည်း ယခုအခါ စီမံကိန်းမှ ရေဖြည့်သွင်းပေးနိုင်ခဲ့သဖြင့် ၈၂၃ ဒသမ ၆၇ ဧက/ပေ အထိ သိုလှောင်ဖြည့်သွင်းနိုင်ခဲ့သည်။

ယခုအခါ ရွှေလှံ့ဗိုလ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းဧရိယာအတွင်းရှိ မီးသွေးဘုတ်၊ ကျွဲနဖား၊ ကန်အောက်၊ ကင်းတုန်၊ စိုက်ပျိုးရေး၊ ရွာဗိုလ်နှင့် မြို့ကုန်းကျေးရွာများကို အကျိုးပြုလျက်ရှိပြီး စီမံကိန်းတစ်ခုလုံး ပြီးစီးပါက အုတ်ဖိုပြင်၊ နတ်ရေကန်၊ ကန်တွင်းနှင့် ရဲရွာသစ်ကျေးရွာများအတွက်ပါ အကျိုးပြုလာနိုင်မည်ဖြစ်သည်။

ယခင်က မြစ်ရေတင်စီမံကိန်းတည်ဆောက်ရာတွင် စီမံကိန်းဧရိယာအတွင်းရှိ လယ်ယာမြေများ၌ စီမံကိန်းသီးနှံများကိုသာ ဦးစားပေးစိုက်ပျိုးခဲ့ကြရသော်လည်း ယခုအခါ တောင်သူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သည့် သီးနှံအမျိုးအစားကို မြေအနေအထားပေါ်မူတည်ကာ စိုက်ပျိုးနိုင်ကြပြီဖြစ်၍ ပိုမိုအကျိုးခံစားကြရသည်။ အမှန်တကယ် ရေလိုအပ်ချိန်တွင် ရေမရသည့်အတွက် အောင်ရေမရဘဲ သီးနှံအထွက်နှုန်း ကျဆင်းခဲ့မှုမျိုး ကြုံတွေ့ရခြင်း မရှိတော့သဖြင့် အထွက်နှုန်းများလည်း သိသာစွာတိုးတက်လာခဲ့သည်။

ထို့အပြင် ရွှေလှံ့ဗိုလ်လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ရေသောက်ဧရိယာ ၄၃၁၇ ဧကအနက် ၉၅၅ ဧကကို ယာမြေမှ လယ်မြေသို့ ပြောင်းလဲစိုက်ပျိုးလာနိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ ရွှေလှံ့ဗိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရွှေလှံ့ဗိုလ်ကန်အတွင်း ရေဖြည့်သွင်းပေးခဲ့သဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာ၍ ဒေသတွင်း ကျေးရွာများ ရေသုံးစွဲနိုင်မှု မြင့်တက်ဖူလုံလာကာ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားလာခြင်း၊ မြောင်းစစ်လမ်း ၁၁ ဒသမ ၅ မိုင်ကို ကျေးရွာနေပြည်သူများ အသုံးပြုနိုင်သဖြင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာခြင်းစသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

ရွှေလှံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေသောက်ဧရိယာအတွင်း စိုက်ပျိုးဖြစ်ထွန်းသော ကုလားပဲများကို စက်ဖြင့် ခြွေလှေ့နေကြစဉ်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - တင်အောင်ထွေး

နွေရာသီအခြေခံဘော့(စ်)ဘောသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

၂၀၁၂ ခုနှစ် နွေရာသီအခြေခံဘော့(စ်)ဘော သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့်ကာယ ပညာသိပ္ပံ(ကျိုက္ကဆံကွင်း)အတွင်းရှိ မြန်မာနိုင်ငံ ဘော့(စ်)ဘောအားကစား ကွင်း၌ကျင်းပရာ သင်တန်းသားများက သရုပ်ပြသကြပြီး မြန်မာနိုင်ငံဘော့(စ်)ဘော အဖွဲ့ချုပ်အတွင်းရေးမှူး ဦးဝေဟင်အောင်ဝင်းက သင်တန်းဆင်းလက်မှတ်များနှင့် ဆုများကို ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံဘော့(စ်)ဘော အဖွဲ့ချုပ်(League)ပြိုင်ပွဲများကို စတင်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၂ ခုနှစ် နွေရာသီအခြေခံဘော့(စ်)ဘောသင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံဘော့(စ်)ဘောအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝေဟင်အောင်ဝင်းက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်စဉ်။

(သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ကျင်းပ

ရန်ကုန် ဧပြီ ၉

၂၀၁၂ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို "တစ်သက်တာတီဘီကင်းဝေးရေး အားလုံးပါဝင်ဆောင်ရွက်ပေး" "Stop TB In My Life Time" ဟူသောဆောင်ပုဒ် အရ မတ် ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်အထက(၁)ရောဝတီခန်းမ၌ ကျင်းပရာ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။**(အောက်ပုံ)** (၆၈၄)

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၃) အနိုင်/အရှုံးရလဒ်များ

၉ - ၄ - ၂၀၁၂

အဲဗာတန်	၄	-	၀	ဆန်းဒါးလန်း
နယူးကာဆယ်	၂	-	၀	ဘော်လ်တန်
စပါး	၁	-	၂	နော၀စ်ချ်
အက်စတွန်ဗီလာ	၁	-	၁	စတုတ်စီးတီး

ယာဉ်အန္တရာယ်ကင်းရှင်းရေး သတိပြုရမည့် အဝိုင်းပတ်များ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - မောင်ယာဉ်ထိန်း

ယာဉ်သွားလာမှုများပြားသော လမ်းမကြီးများ၊ လမ်းဆုံလမ်းခွများတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ ယာဉ်များဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးတို့အတွက် အဝိုင်းပတ် (Roundabout or Circular)များ ထားရှိပေးသည်ကို တွေ့မြင်နိုင်ပါသည်။ လမ်းလေးလမ်း(သို့) လေးလမ်းနှင့် အထက်ရှိသော လမ်းဆုံနေရာများတွင် အဝိုင်းပတ်များထားရှိခြင်းမှာ သင့်တော်မှုရှိနိုင်ပါသည်။ အဆိုပါ လမ်းများဆုံသည့်နေရာအဝိုင်းတွင် ယာဉ်များ စနစ်တကျသွားလာနိုင်ရေးအတွက် အဝိုင်းပတ်တွင် ပတ်လမ်းများ ရေးဆွဲထားရှိပါသည်။ ထိုသို့ အဝိုင်းပတ်များထားရှိပေးသော်လည်း လမ်းစည်းကမ်းချိုးဖောက်သူများနှင့် လမ်းစည်းကမ်းနားမလည်သူများကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားသည်ကို တွေ့မြင်ကြားသိနေရပါသည်။ စာရေးသူဖတ်ရှုလိုက်ရသည့်သတင်းတစ်ခု၌ ၂၇-၈-၂၀၁၁ ရက်နေ့က လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း ဦးအောင်ခိုင်(စုံစမ်းဆဲ)မောင်းနှင်လာသော ယာဉ်အမှတ် အ/၆၆၈၄ ဘီအမ်ခရီးသည်တင်ယာဉ်သည် ရွှေလင်ပန်းလမ်းဆုံအဝိုင်းပတ်အရောက် လမ်းပြောင်းပြန်မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ ဦးမြစိုးစီးနင်းလာသော စက်ဘီးအား တိုက်မိသဖြင့် စက်ဘီးစီးလာသူမှာ အခင်းဖြစ်ရာနေရာတွင်ပင် သေဆုံးသွားခဲ့ပြီး ယာဉ်မောင်းသူမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် လှိုင်သာယာမြို့နယ်ရဲစခန်း၏ (ပ)၁၃၂၂/၁၁ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က/၂၀၂ ဖြင့် အမှုဖွင့်အရေးယူမှုဖြစ်ပါသည်။

ခရီးသည်တင်ကားမှာ အဝိုင်းပတ်၌ လမ်းပြောင်းပြန်မောင်းဝင်သောကြောင့် ယာဉ်တိုက်မှုဖြစ်ပွားရခြင်းဖြစ်သည်။ ယာဉ်မောင်းသူမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုကြောင့် စက်ဘီးစီးလာသူမှာ အသက်ဆုံးရှုံးရပြီး ယာဉ်မောင်းမှာလည်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ပေသည်။

သို့ပါ၍ အဝိုင်းပတ်နေရာများ၌ စနစ်တကျမောင်းနှင်သွားလာရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ အဝိုင်းပတ်အတွင်း ဝင်ရောက်နိုင်ရေးတို့အတွက် အောက်ဖော်ပြပါအချက်များကို မှတ်သားလိုက်နာရမည်ဖြစ်ပါသည်။

(၁) အဝိုင်းသို့ချဉ်းကပ်ရောက်ရှိသည်နှင့် မိမိယာဉ်ကို အရှိန်လျှော့မောင်းနှင်ပါ။
(၂) အဝိုင်းတွင်းဝင်ရောက်နေသော ဘယ်ဘက်မှ ယာဉ်များကို ဦးစားပေးပါ။
(၃) အဝိုင်းအတွင်းမိမိရှေ့မှ ယာဉ်များကိုလည်း ဦးစားပေးပါ။
(၄) ညာဘက်သို့ထွက်ရန်ရှိပါက ညာဘက်အချက်ပြမီးပြပြီး ညာဘက်ကပ်ထွက်ပါ။
(၅) ဘယ်ဘက်သို့ ထွက်ရန်ရှိပါက အဝိုင်းနှင့်ကပ်လျက် အတွင်းကျဆုံးလမ်းကြောမှ မောင်းနှင်ပါ။
(၆) လမ်းပြောင်းပြန်မောင်းနှင်ခြင်းမပြုရ။
(၇) သတ်မှတ်သည့်လမ်းညွှန်၊ လမ်းအမှတ်အသားအတိုင်း လိုက်နာရန်တို့ဖြစ်ပါသည်။

အဝိုင်းအတွင်းမောင်းနှင်ရာ၌ နာရီလက်တံပြောင်းပြန်ဖြင့် တစ်လမ်းမောင်းစနစ်ဖြစ်သည်။ ယာဉ်ကြီးများအနေဖြင့် အဝိုင်းပတ်တွင် ကွေ့ရန်နေရာပိုပြီးလိုအပ်သဖြင့် ဂရုစိုက်ပြီး ဖြည်းဖြည်းချင်း ထိန်းသိမ်းမောင်းနှင်ဖို့လိုပါမည်။ အဝိုင်းအတွင်း မောင်းနှင်နေစဉ် ယာဉ်မရပ်စေရန် သတိပြုရပါမည်။ ရုတ်တရက် ယာဉ်ရပ်တန့်မှုဖြစ်ပါက နောက်မှယာဉ်များနှင့် တိုက်မိနိုင်ပါသည်။

ထို့ကြောင့် အဝိုင်းပတ်များတွင် အရှိန်လျှော့ မောင်းနှင်ခြင်း၊ တစ်လမ်းမောင်းစနစ်ကျင့်သုံးခြင်း၊ မိမိဘယ်ဘက်မှ ယာဉ်များ၊ အနေးယာဉ်များ၊ လမ်းကူးသူများကို ဦးစားပေးခြင်းနှင့် အဝိုင်းအတွင်း ဦးစွာရောက်ရှိနေသည့် ယာဉ်အား ဦးစားပေးမောင်းနှင်ခြင်းတို့ဖြင့် စည်းကမ်းလိုက်နာ သွားလာကြမည်ဆိုပါက ယာဉ်အန္တရာယ်ကင်းရှင်းစေမည် ဖြစ်ပါကြောင်း အသိပေးရေးသားအပ်ပါသည်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန် -

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

စစ်ကိုင်း၌ မိုးသက်လေပြင်းတိုက်ခတ်

စစ်ကိုင်း ဧပြီ ၉

ဧပြီ ၇ ရက် ည ၈နာရီ ၁၅မိနစ်က စစ်ကိုင်းမြို့၌ မိုးသက်လေပြင်း ကျရောက်မှုကြောင့် ပိုးတန်းရပ်ကွက်ရှိ ကွန်ကရစ်လမ်းမီးတိုင် တစ်တိုင် ထက်ပိုင်းကျိုးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့မှ သက်တမ်းရင့်ညောင်ပင် လမ်းပေါ်သို့ ကျိုးကျခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ကြီးကြပ်၍ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူး၊ အဖွဲ့ဝင်များ၊ သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ လျှပ်စစ်မီး အမြန်ဆုံးပြန်ပေးနိုင်ရေးနှင့် အန္တရာယ်ကင်းစွာ အများပြည်သူများ သွားလာနိုင်ရေးတို့အတွက် ရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၃၁)

လေပြင်းတိုက်၍ ရှာင်မြို့နယ် မြို့ကြီး၌ အဆောက်အအုံများ ပျက်စီး

ရှာင် ဧပြီ ၉

ရှမ်းပြည်နယ် ရှာင်မြို့နယ် မြို့ကြီးကျေးရွာတွင် ဧပြီ ၆ ရက် ည ၇နာရီခွဲက ရုတ်တရက် မိုးသက်လေပြင်းကျရောက်မှုကြောင့် မြို့ကြီးတောင်ပုလုကျောင်းဝင်းအတွင်းရှိ ကိုးတောင်ပြည့် တောင်ပုလုဆုတောင်းပြည့်စေတီမှာ ဖောင်းရစ်မှ ပြိုကျပြီး ထီးတော်မှာ မြေခသွားခဲ့သည်။ ထို့အပြင် မြို့ကြီးအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်မှာလည်း သွပ်အချပ် ၆၀ ကျော် အမိုးလန်ခဲ့ပြီး မြားတန်းထုပ်လျှောက်များလည်း ပျက်စီးခဲ့သည်။ တောင်ပုလုကျောင်းအတွင်းရှိ ပေ ၂၀ ပတ်လည် ဇရပ်တစ်ဆောင်မှာလည်း ပြိုကျပျက်စီးခဲ့သည်။ နေအိမ်တိုက်တာများမှာလည်း လေပြင်းတိုက်ခတ်မှုကြောင့် အမိုး၊ အကာများ လွင့်ပါပျက်စီးခဲ့ရသည်။ မြို့ကြီး-ဟံမြင့်မိုရ်သွားကားလမ်းပေါ်တွင် သစ်ပင်ကြီးများလဲကျသဖြင့် ခေတ္တအသွားအလာ ပြတ်တောက်ခဲ့ရသည်။

မြို့ကြီးကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၆၆ စုမှာ လေပြင်းဒဏ်ခံခဲ့ရပြီး ၄၅ သိန်းကျော်တန်ဖိုး ဆုံးရှုံးပျက်စီးခဲ့ရသည်။ မြို့ကြီးတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော အိမ်ထောင်စု ၆၆ စုအား ထောက်ပံ့ကူညီမှုများပေးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှု မရှိဟုသိရသည်။

(၁၁၁)

မူးယစ်ကင်းစင် အလှဆင်

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ရှိ လမ်းအချို့အား တစ်လမ်းမောင်းစနစ်ကျင့်သုံးမည်

၁။ မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် ဧပြီလ ၁၂ ရက်နေ့(အကြိုနေ့)မှ ၁၆ ရက်နေ့(အတက်နေ့)အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ရှိ အောက်ဖော်ပြပါလမ်းများအား တစ်လမ်းမောင်းစနစ် ကျင့်သုံးမည်ဖြစ်သည်-

(က) **ကမ္ဘာအေးစေတီလမ်း။** ဆရာစံလမ်းဆုံ(ဟာမစ်တစ်)မှ ပါရမီလမ်းဆုံအထိ တောင်မှမြောက်သို့ တစ်လမ်းမောင်း သတ်မှတ်သည်။
(ခ) **စက်မှု(၁)လမ်း။** ဆရာစံလမ်းဆုံမှ ကမ္ဘာအေးစေတီလမ်းဆုံအထိ အရှေ့မှ အနောက်သို့ တစ်လမ်းမောင်းသတ်မှတ်သည်။
(ဂ) **ဆရာစံလမ်း။** ကမ္ဘာအေးစေတီလမ်းဆုံမှ စက်မှု(၁)လမ်းဆုံအထိ အနောက်မှအရှေ့သို့ တစ်လမ်းမောင်းသတ်မှတ်သည်။
(ဃ) **ကန်တော်ကြီးပတ်လမ်း။** ဦးထောင်ဘိုအဝိုင်း တိရစ္ဆာန်ဥယျာဉ်ဘက်မှ ကန်ရိပ်သာလမ်းသို့ အဝင်လမ်းသတ်မှတ်ပြီး ကန်ရိပ်သာလမ်းအတိုင်း လက်ဝဲရစ်မောင်းနှင်၍ ၎င်းမှ နတ်မောက်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံသို့ အထွက်သတ်မှတ်ထားရှိသည်။ ကန်တော်ကြီးပတ်လမ်းသို့ ချဉ်းကပ်လမ်းများအားလုံး ညာကွေ့ပြီး လက်ဝဲရစ်သွားရမည်ဖြစ်သည်။ (ကန်တော်ကြီးပတ်လမ်းသို့ ဝင်ရောက်မည့် အထက်ပန်းဆိုးတန်းလမ်းမှ ယာဉ်များသည် ဒေါ်သိန်းတင်မီးပွိုင့်မှ လည်းကောင်း၊ သိမ်ဖြူလမ်းမှ ယာဉ်များသည် သိမ်ဖြူ(၅)ခွဆုံမှ လည်းကောင်း လမ်းလွှဲအတိုင်းသွားရမည်ဖြစ်သည်။)

၂။ ဖော်ပြပါ ကန်တော်ကြီးပတ်လမ်းတစ်လျှောက်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ မော်တော်ယာဉ်များ ရပ်နားခြင်းမပြုကြရန်နှင့် မော်တော်ယာဉ်များသည် သတ်မှတ်ထားသည့် လမ်းများမှ မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော် အမတ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အမေရိကန်လွှတ်တော်များ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ပွင့်လင်းမြင်သာသည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် လွှတ်တော်ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော် အမတ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၉

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစံထွန်း၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမြဦး၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှု၊ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှု၊ မြန်မာနိုင်ငံ၏လက်ရှိဆောင်ရွက်နေသည့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr. James Henry Webb ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကင်ဆာရောဂါအမျိုးမျိုးအတွက် အသုံးပြုနိုင်မည့် ကာကွယ်ဆေး သိပ္ပံပညာရှင်များ ဖော်ထုတ်

တဲလ်အဗစ် ဧပြီ ၉

ကင်ဆာရောဂါကြောင့် ကြီးထွားလာသော ဆဲလ်များကို ရှာဖွေဖျက်ဆီးနိုင်ရေးအတွက် ကင်ဆာဝေဒနာရှင်၏ ရုပ်ခန္ဓာအား ထိန်းကျောင်းလေ့ကျင့်ပေးနိုင်မည့် ကာကွယ်ဆေးတစ်မျိုးကို သိပ္ပံပညာရှင်များက ဖော်ထုတ်ဖန်တီးခဲ့ကြောင်း ဧပြီ ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကင်ဆာရောဂါ ၉၀ ရာခိုင်နှုန်းတွင် တွေ့ရှိရတတ်သော မော်လီကျူးတစ်မျိုးအား အဓိကထားသည့် အဆိုပါ ကာကွယ်ဆေးသည် ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာအပါအဝင် အဖြစ်များသည့် ကင်ဆာရောဂါများကို ခုခံတွန်းလှန်နိုင်ရန် လူနာ၏ ခုခံအားစနစ်ကို အားမြှင့်ပေးနိုင်မည့် ကုထုံးတစ်ရပ်ဖြစ်လာနိုင်ကြောင်း သိရသည်။

ကနဦးလေ့လာ စမ်းသပ်ချက်များအရ အဆိုပါ ကာကွယ်ဆေးသည် ကင်ဆာရောဂါရှင်၏ ကိုယ်တွင်းခုခံအားစနစ် တုံ့ပြန်နိုင်စွမ်းကို နှိုးဆွပေးနိုင်ပြီး ရောဂါပမာဏကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

ယင်းကာကွယ်ဆေးသည် ကင်ဆာဝေဒနာ အမျိုးမျိုးအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သက်သေပြရန်အတွက် လိုအပ်သော စမ်းသပ်သူများအား ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လုပ်ဆောင်နိုင်ရန် သိပ္ပံပညာရှင်များက မျှော်လင့်လျက်ရှိသည်။

လူ့ကိုယ်ခံအားစနစ်သည် ကင်ဆာဆဲလ်များကို ပြင်ပခြိမ်းခြောက်မှုများအဖြစ် သတ်မှတ်ခြင်းမရှိသောကြောင့် ယင်းကင်ဆာဆဲလ်များသည် လူ့ကိုယ်ခံအားစနစ်အတွင်း ကျူးကျော်ပျံ့နှံ့နိုင်စွမ်းရှိသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ▲

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

3D ဖြင့် တရုတ်နိုင်ငံသို့ တစ်ကျော့ပြန်လာမည့် Titanic

ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်းရိုက်ကူးခဲ့သည့် နာမည်ကျော် ဂန္ထဝင်မြောက်အချစ်ဇာတ်ကား Titanic ကို 3D (သုံးဖက်မြင်)အထူးပြုလုပ်ချက်များဖြင့် တရုတ်နိုင်ငံတွင် ပြန်လည်ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း ယင်းဇာတ်ကားဖြန့်ချိသူများက ဧပြီ ၈ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

၎င်းဇာတ်ကားကို ၁၉၉၇ ခုနှစ်တွင် မင်းသား လီယိုနာဒိုနှင့် မင်းသမီး ကိတ်ဝင်းစလက်တို့က သရုပ်ဆောင်ထားပြီး ၁၉၉၈ ခုနှစ်မှစ၍ တရုတ်နိုင်ငံတွင် ဖြန့်ချိပြသခဲ့ရာ ၁၁ နှစ်အတွင်း တရုတ်ယွမ်သန်း ၃၆၀ (ကန်ဒေါ်လာ ၅၇ ဒသမ ၁၄ သန်း) ရရှိခဲ့သည့် မှတ်တမ်းရှိသည်။

၁၄ နှစ်ကြာပြီးနောက် ယခုတစ်ကြိမ် ဖြန့်ချိပြသခြင်းသည် Titanic ရုပ်ရှင်ဇာတ်ကားကြီးကို ကြည့်ရှုခွင့်မရလိုက်သည့် လူငယ်ပရိသတ်များအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း Huaxia ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေး ကုမ္ပဏီဥက္ကဋ္ဌ Gu Guoqing က ပြောကြားသည်။

ယခုနှစ်သည် Titanic သင်္ဘောကြီးနစ်မြုပ်ပျက်စီးခဲ့သည့် **စာမျက်နှာ ၈ ကော်လံ ၃ သို့ ❑**